ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်၊ ကြာသပတေးနေ့၊ (27-1-2011) (၆၅၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ နေပြည်တော်လွှတ်တော်ရုံးသို့ သတ်မှတ်ရက်၊ အချိန်အတိုင်း သတင်းပို့ကြရန် စီစဉ်ထား

နေပြည်တော် ဇန်နဝါရီ ၂၆

ပထမအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးနှင့် အမျိုးသားလွှတ်တော်အစည်းအဝေးများသို့ တက်ရောက်ရန် နေပြည်တော်သို့ ရောက်ရှိလာကြမည့် ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် ရုံးအမှတ်(၂၀) လွှတ်တော်ရုံးသို့ သတင်းပို့ရာတွင် လုပ်ငန်းများအဆင်ပြေချောမွေ့စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် သတင်းပို့ရမည့်ရက်နှင့် အချိန်တို့ကို သတ်မှတ်စီစဉ်ထားရှိသည်။

ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ဇန်နဝါရီ ၂၈ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ယင်းနေ့ မွန်းလွဲ ၁ နာရီမှ ညနေ ၆ နာရီအထိ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ဇန်နဝါရီ ၂၉ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ လည်းကောင်း၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ယင်းနေ့ မွန်းလွဲ ၁ နာရီမှ ညနေ ၆ နာရီအထိ လည်းကောင်း အသီးသီး သတင်းပို့ကြရမည်ဖြစ်သည်။

အလားတူ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် ဇန်နဝါရီ ၂၈ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ လည်းကောင်း၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် ယင်းနေ့ မွန်းလွဲ ၁ နာရီမှ ညနေ ၆ နာရီအထိ လည်းကောင်း အသီးသီး သတင်းပို့ကြရမည်ဖြစ်သည်။

လွှတ်တော်ရုံးက ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ရာတွင် လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ယခုကဲ့သို့ စီစဉ်ထားရှိခြင်းဖြစ်သဖြင့် ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် သတ်မှတ်ရက်၊ အချိန်အတိုင်း လွှတ်တော်ရုံးသို့ သတင်းပို့ကြရန် ဖြစ်သည်။

(သတင်းစဉ်)

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပနိုင်ရန် နေပြည်တော်တွင် နိုင်ငံတကာအဆင့်မီဘောလုံးကွင်း တည်ဆောက်နေ

သတင်းဆောင်းပါး - စိုးမာမာ
ဓာတ်ပုံ - ဇော်ကြေးမုံ

လာမည့် ၂၀၁၃ ခုနှစ်တွင် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ဆီးဂိမ်း)ကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ရာ ယင်းအတွက်ရည်ရွယ်၍ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့တွင် နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်းများ တည်ဆောက်လျက်ရှိသည်။

ယင်းတို့အထဲမှ နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ် သိုက်ချောင်းလမ်းဆုံအနီးတွင် တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသည့် နိုင်ငံတကာအဆင့်မီဘောလုံးကွင်းနှင့်ပတ်သက်၍ စီမံကိန်းတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းခွင် အခြေအနေများကို လေ့လာမေးမြန်းခဲ့သည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ●

ပွဲကြည့်ပရိသတ် ၃၀၀၀၀ ဆံ့ အဆင့်မြင့်ဘောလုံးကွင်းနှင့် ပွဲကြည့်စင်ပုံစံငယ်အား တွေ့ရစဉ်။



ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

တင်းနစ်ပြိုင်ပွဲ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာလူငယ်လက်ရွေးစင် မနီလာဝင်း ဗိုလ်လုပွဲတက်

သတင်း စာမျက်နှာ (၁၁)

ဂိုးသွင်းသေချာသည့် ဘာဘာတော့ဗ်ကြောင့် မန်ယူအမှတ်ပြည့်ရ သတင်းစာမျက်နှာ (၁၁)

ဩစတြေးလျ အိုးပင်း အမျိုးသား တစ် ဦး ချင်း အင်ဒီမာရေး အကြို ဗိုလ်လုပွဲတက်

သတင်း စာမျက်နှာ (၁၁)

ရေဝတီအနောက်ခြမ်း ရထားလမ်းများ ဝေစည်

၂၇-၁-၂၀၁၁
(ကြာသပတေးနေ့)

နည်းပညာသစ်များနှင့်အတူ သယ်ယူပို့ဆောင်ရေးကဏ္ဍသစ်များ တိုးတက်ပြောင်းလဲလာသည့်တိုင် ရထားပို့ဆောင်ရေးလုပ်ငန်းသည် အရေးပါနေဆဲဖြစ်သည်။ နိုင်ငံအတွင်း ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး၌ အဓိကအားထားနေရဆဲဖြစ်သည်။ ထို့ကြောင့်ပင် နယ်မြေဒေသအနှံ့ လွှမ်းခြုံဆက်သွယ်သွားလာနိုင်သည့် ရထားလမ်းသစ်များကို အရှိန်အဟုန်ဖြင့် ဖောက်လုပ် ဖွင့်လှစ်ပေးနေခြင်းဖြစ်သည်။

ပြည်ထောင်စုတစ်ဝန်း နယ်မြေဒေသတစ်ခုနှင့်တစ်ခု လွယ်ကူချောမွေ့စွာ သွားလာနိုင်ရေး လမ်းပန်းဆက်သွယ်ရေးကွန်ရက်များကို တိုးချဲ့တည်ဆောက်နေသည်။ ယခင်က ရထားလမ်း မပေါက်ရောက်ခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့သို့ ရထားလမ်းများ ဖောက်လုပ်ပေးနေပြီ။ ကုန်သွယ်စီးပွားဖွံ့ဖြိုးမှုအထောက်အကူပြု ရထားလမ်းကွန်ရက်များ တိုးချဲ့ဖောက်လုပ်လျက်ရှိသည်။ အဆိုပါ ရထားလမ်းစီမံကိန်းများတွင် မိုင် ၃၂၀ ရှည်သည့် ကြံခင်း-ပခုက္ကူ ရထားလမ်းမကြီးသည် တစ်ခုအပါအဝင်ဖြစ်သည်။

ကြံခင်း-ပခုက္ကူ ရထားလမ်းသည် ဧရာဝတီမြစ် အနောက်ဘက်ခြမ်းရှိ ဒေသခံပြည်သူများအတွက် အရေးပါသော ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုဖြစ်သည်။ အဆိုပါ ရထားလမ်းမကြီး၏ ပြီးစီးသည့် ရထားလမ်းပိုင်းများကို ဖွင့်လှစ်ပေးနေပြီ။ ယခုအခါ ဥဿျစ်ပင်၊ ကံမ၊ မင်းလှ၊ ကျွန်းချောင်း၊ ဆိပ်ဖြူ၊ ယောချောင်း၊ ဆင်ဖြူကျွန်းလမ်းပိုင်းများကို ဖွင့်လှစ်နိုင်ခဲ့ပြီ။ ဧရာဝတီအနောက်ခြမ်းမှ ဒေသခံပြည်သူများ မီးရထားဖြင့် ခရီးသွားနေကြပေပြီ။

ယခုတစ်ဖန် ကြံခင်း-ပခုက္ကူ ရထားလမ်းစီမံကိန်း၏ မင်းဘူး-ပွင့်ဖြူ အရှည်မိုင် ၂၀ ရထားလမ်းပိုင်းသစ်ကို ဇန်နဝါရီ ၂၂ ရက်က ဖွင့်လှစ်လိုက်သည်။ မင်းဘူးနှင့် ပွင့်ဖြူမြို့နယ်တို့အကြား ခရီးသွားကုန်စည်ပို့ဆောင်မှုများ ပိုမိုလွယ်ကူလာပေတော့မည်။

ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသများတွင် ဆီထွက်သီးနှံ၊ ပဲအမျိုးမျိုးနှင့် စိုက်ပျိုးသီးနှံစုံ ထွက်ကုန်ပေါများသည်။ မြေပြင်အနေအထား၊ တောင်တန်းနှင့် မြစ်ချောင်းသဘာဝအတားအဆီးများကြောင့် တစ်ချိန်က လမ်းပန်းဆက်သွယ်ရေးအခြေခံများ အားနည်းသည်။ ကုန်သွယ်ဆက်သွယ် ရောင်းဝယ်တင်ပို့ရာတွင် နှောင့်နှေးကြန့်ကြာသည်။ ဖွံ့ဖြိုးမှုတွင် နောက်ကျခဲ့ရသည်။

ယနေ့ကာလတွင် ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းတို့ကိုဆက်သွယ်ထားသည့် ဧရာဝတီမြစ်ကူးတံတားကြီးများ တည်ဆောက်ပေးထားပြီ။ ရထားလမ်းသစ်ကွန်ရက်များ တိုးချဲ့ဖောက်လုပ်လျက်ရှိရာ ပွင့်ဖြူ-ဆင်ဖြူကျွန်းလမ်းပိုင်းနှင့် ကျွန်းချောင်း-ယောချောင်းလမ်းပိုင်းများ ပြီးစီးပါက ပခုက္ကူမြို့မှ ပုသိမ်မြို့သို့ ခရီးပေါက်သွားလာနိုင်ကြပေမည်။ ဒေသထွက်ကုန်ရောင်းဝယ်တင်ပို့မှုများ ပိုမိုမြန်ဆန်သွက်လက်ဖွံ့ဖြိုးတိုးတက်ဝေစည်နေမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၆

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းက ဦးစီးဌာန၊ လုပ်ငန်းဌာနများတွင် ၂၀၁၀ခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းများ၏ အားနည်းချက်၊ အားသာချက်များကို လေ့လာဖော်ထုတ် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းများ၊ အစီအမံများကို တင်ပြဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းအဆင့်အတန်းအားလုံး မှန်ကန်သည့် ခံယူချက်၊ ထိရောက်ထက်မြက်သည့် စွမ်းဆောင်ချက်၊ ချိုသာပြေပြစ်သော ပြောဆိုဆက်ဆံမှုများဖြင့် နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် အပြည့်အဝပါဝင်ဆောင်ရွက်ကြရေးအတွက် ဌာနတာဝန်ခံ၊ ဒေသတာဝန်ခံများက စံနမူနာပြခေါင်းဆောင်သွားကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဦးစီးဌာန၊ လုပ်ငန်းဌာနများမှ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ညွှန်ကြားရေးမှူးချုပ်များက ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းလျာထားရည်မှန်းချက်အပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဘဏ္ဍာနှစ်သစ်တွင် တိုးချဲ့ဆောင်ရွက်မည့်လုပ်ငန်း အစီအမံများကို ရှင်းလင်းတင်ပြကြပြီး မြန်မာ့စီးပွားရေးဘဏ်မှ ပြည်နယ်/တိုင်း မန်နေဂျာများက ဒေသအလိုက် ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို တင်ပြကြသည်။

ဆက်လက်၍ ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ပြည်နယ်နှင့်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးများက ဒေသအလိုက် လုပ်ငန်းလျာထားချက်အပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးပထမနေ့ အစီအစဉ်ကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးကို ဇန်နဝါရီ ၂၅ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းက ဘဏ်နှင့်ငွေကြေးဆိုင်ရာလုပ်ငန်း ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန်ရှိသည်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှသိန်းဆွေက ဌာနအသီးသီး၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဝန်ကြီး ဦးလှထွန်းက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ ဦးတည်ချက်များ ပြည့်မီအောင်မြင်စေရေး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဌာနအသီးသီး၏ လုပ်ငန်းဆောင်ရွက်မှုတိုင်းသည် လစ်ကွက်ဟာကွက်မရှိအောင် ထိရောက်ထက်မြက်စေရန် လိုအပ်ကြောင်း၊ ပြောင်းလဲတိုးတက်လျက်ရှိသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို အကျိုးရှိစွာ အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ ဌာနတိုင်းသည် မိမိတာဝန်ထမ်းဆောင်ရာ လုပ်ငန်းနယ်ပယ်၏ သဘောသဘာဝနှင့် ပြောင်းလဲတိုးတက်လျက်ရှိသည့် အခြေအနေများကို မျက်ခြည်မပြတ်စူးစမ်းလေ့လာခြင်းနှင့် ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်များ တိုးတက်မြင့်မားလာစေရန် လေ့ကျင့်သင်ကြားပေးခြင်း (Research and Training) လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်သွားကြရန် အထူးအရေးကြီးကြောင်း စသည်ဖြင့်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ ညောင်ဦးမြို့နယ်တွင် ရှင်းလင်း

ရန်ကုန် ဇန်နဝါရီ ၂၆

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေနှင့်အညီဆင်ဆာမူရင်းခွဲလက်မှတ် အသေးတပ်ထားသော ဗွီစီဒီ၊ ဒီဗွီဒီ အချပ်များသုံးစွဲရေး ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၁ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနော်ရထာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဗီဒီယိုအခြေခံအဖွဲ့(ဗဟို) ဥက္ကဋ္ဌ ဦးခင်ဌေးက ရှင်းလင်းပြောကြားသည်။

(၆၁)

တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ကျွန်းစုမြို့အဝင် ဆိပ်ကမ်းသာယာလှပရေးဆောင်ရွက်ရန် မှာကြားစဉ်။
(မြို့နယ်စည်ပင်)

စာကြည့်တိုက် နှစ်ပတ်လည်နေ့ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၆

သရက်ခရိုင် မင်းတုန်းမြို့နယ် ကျောက်တိုင်ကျေးရွာ ပညာဘဏ်တိုက် စာကြည့်တိုက်၏ (၉)ကြိမ်မြောက်နှစ်ပတ်လည်နေ့ အခမ်းအနားကို ဇန်နဝါရီ ၂၄ ရက် နံနက် ၁၀ နာရီတွင် အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးခင်ဝင်း၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် ဦးပန်းအေး(ဘုမ္မဝတီ)၊ ဦးအေးသိန်း(ညြမာန်)နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်လှိုင်တို့က စာပေအကြောင်း သိကောင်းစရာများကို ဟောပြောဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ တာမွေမြို့နယ် ရွှေဟင်္သာလမ်းနေ ကွယ်လွန်သူ ဒေါ်လှရင်၊ ဒေါ်ခင်ထွေးတို့အား ရည်စူး၍ ညီမ ဒေါ်ရီရီမြင့်၊ ဒေါ်မြင့်မြင့်ရီ၊ ဒေါ်ခင်သန်းနွယ်မိသားစုက ထာဝရဆေးပဒေသာပင်နှင့် လေးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

Singapore Education Roadshow 2011 ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၆

Music, Fashion Design, Interior Design, Animation Art, Video Art, Film ဘာသာရပ်များကို LASALLE College of the Arts တွင် လေ့လာသင်ကြားလိုသူများအတွက် ပညာသင်ထောက်ပံ့ကြေးအပြင် Future Leader Scholarship ကို ဖေဖော်ဝါရီ ၁၁ရက်(သောကြာနေ့)တွင် အလုံလမ်းရှိ Summit Park view Hotel တွင် ကျင်းပမည့် Singapore Education Roadshow 2011 ၌ လာရောက်လျှောက်ထားနိုင်ကြောင်း သိရသည်။

Future Leader Scholarship နှင့်ပတ်သက်၍ သိရှိလိုပါက http; // www. lasalle. edu.sg/ images / stories / LASALLE_ Future_ Leader _ Scholarship_ Application_ Form-2011. pdf. တွင် ကြည့်ရှုနိုင်သည်။

အဆိုပါ စကောလားရှစ်သည် စင်ကာပူအစိုးရမှ ပေးအပ်မည့် ပညာသင်ထောက်ပံ့ကြေးအပြင် ထပ်မံရရှိနိုင်သော စကောလားရှစ်ဖြစ်သည်။

အဆိုပါ ပညာသင်ထောက်ပံ့ကြေးကို မြန်မာနိုင်ငံမှ ကျောင်းသား၊ ကျောင်းသူများအတွက် LASALLE College of the Arts မှရွေးချယ်ပေးအပ်နိုင်ရန် စီစဉ်ဆောင်ရွက်ထားပြီး Tuition Grant ရရှိသော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စင်ကာပူနိုင်ငံတွင် သုံးနှစ်အလုပ်လုပ်ကိုင်ခွင့်ပါ ရရှိမည်ဖြစ်သည်။ ပညာသင်ထောက်ပံ့ကြေးရရှိပါက တစ်နှစ်လျှင် စင်ကာပူဒေါ်လာ တစ်သောင်းနှစ်ထောင့်ရှစ်ရာဖြင့် သုံးနှစ်စာ သုံးသောင်းရှစ်ထောင့်လေးရာ ရရှိမည်ဖြစ်ပြီး ၎င်းဘာသာရပ်များအကြောင်းနှင့် စင်ကာပူအစိုးရမှပေးအပ်မည့် ပညာသင်ထောက်ပံ့ကြေးအကြောင်းကို Singapore Education Roadshow 2011 တွင် ရှင်းလင်းပြောကြားကြမည် ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူများအတွက် အထူးအခွင့်အရေးအနေဖြင့် ဆွေးနွေးပွဲသို့ တက်ရောက်သည့် သူများအား ကျောင်းလျှောက်ထားရာတွင် ကျောင်းလျှောက်လွှာကြေး ကင်းလွတ်ခွင့်ပြုမည်ဖြစ်ကြောင်း၊ စိတ်ပါဝင်စားသူများ CROWN Education ဖုန်း-၂၁၁ ၈၈၈ လိုင်းခွဲ ၂၂၈ နှင့် ၀၉-၅၀၈၅၁၈၅ တို့သို့ ဆက်သွယ်စာရင်း ပေးသွင်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ရတနာသိင်္ဂီ ဈေးမိသားစု တိပိဋကရေကောဝိဒ စာမေးပွဲ ဆွမ်းဆက်ကပ်ရေးအဖွဲ့သို့ အလှူရှင် မုံရွာဆရာမိုး(ရှောက်တစ်လုံးဝမ်းမှန်ဆေး)၊ ဇနီး (ဒေါ်သိန်းမှီ)၊ သား ဗိုလ်ကြီးကျော်ကိုကိုရှိန်း-သမီး မမိုးပြည့်ပြည့်ဖြိုး၊ မြေး မောင်ကျော်ကိုကိုဆက်နိုင် မိသားစုက ဇန်နဝါရီ ၁၁ ရက်တွင် ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းစဉ်။
(ကြေးမုံ)

မီးဘေးရှောင် မလောင်ခင်တား

မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ကောဒသမအကြိမ် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၆

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၏ ကောဒသမအကြိမ် နှစ်ပတ်လည် အစည်းအဝေးကို ဇန်နဝါရီ ၂၂ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး သီရိအဏ္ဏဝါခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် နာယက မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာမြဟန်နှင့် တာဝန်ရှိသူတို့က မွေးမြူရေးဆိုင်ရာ ပညာပေးပြခန်းများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ပြခန်းများအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် နှစ်ပတ်လည်အစည်းအဝေးကို ကျင်းပရာ ဝန်ကြီး ဦးမောင်မောင်သိမ်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌက အဖွဲ့ချုပ်၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်သို့ အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီးနှင့် တာဝန်ရှိသူတို့က လက်ခံကြသည်။

ယင်းနောက် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာဇော်ဝင်းမြတ်က နှစ်ပတ်လည် အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြား၍ အတည်ပြုချက် ရယူကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုအားပေး

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း မွေးမြူရေးဆိုင်ရာ ပညာပေးပြခန်းများကို ကြည့်ရှုအားပေးစဉ်။ (မွေး/ရေ)

ဇန်နဝါရီ ၂၆ ရက်က ရန်ကုန်မြို့ အိန္ဒိယနိုင်ငံသံအမတ်ကြီးနေအိမ်၌ ကျင်းပသော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၆၂)နှစ်မြောက် နှစ်ပတ်လည် အမျိုးသားနေ့အထိမ်းအမှတ် ညစာခံပွဲအခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီးတို့အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းသား၊ သင်တန်းသူများ မန္တလေးတိုင်းဒေသကြီးအတွင်း လေ့လာ

နေပြည်တော် ဇန်နဝါရီ ၂၆

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ လေးနှစ်သင်တန်း အမှတ်စဉ် (၄၂)မှ လေ့လာရေးသင်တန်းသား၊ သင်တန်းသူများသည် ပါမောက္ခချုပ် ဦးဇော်မင်းသိန်း ဦးဆောင်၍ လေ့လာရေးအဖွဲ့ခေါင်းဆောင် ဦးဌေးလွင် (ဒုတိယပါမောက္ခချုပ်၊ သင်ကြားရေး) နှင့် ကြီးကြပ်သူ ဆရာ၊ ဆရာမများ လိုက်ပါလျက် ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)သို့ ရောက်ရှိကြရာ ပတ္တမြားခန်းမ၌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် ဦးညီထွန်းက လေ့လာရေး သင်တန်းသား၊ သင်တန်းသူများအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး လေ့လာရေးခရီးစဉ်အတွက် ထောက်ပံ့ငွေ ပေးအပ်သည်။

ထို့နောက် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ဒုတိယပါမောက္ခချုပ် (လေ့ကျင့်သင်ကြားရေး) ဦးနေဝင်းက ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၏ လေ့ကျင့်ရေးနှင့် စီမံခန့်ခွဲရေး ဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့ဝင်များသည် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးကျောင်းသို့ ရောက်ရှိကြရာ သင်တန်းခန်းမ၌ ကျောင်းအုပ်ကြီး ရဲမှူးချုပ်သိန်းဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဒုတိယကျောင်းအုပ်ကြီး ရဲမှူးကြီးမြင့်စိုးက မြန်မာနိုင်ငံရဲတပ်ဖွဲ့ သမိုင်းအကျဉ်းချုပ်နှင့် ဗဟိုလေ့ကျင့်ရေးကျောင်းဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် လေ့လာရေးအဖွဲ့သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေး ကျောင်း လေ့ကျင့်ရေးရုံးရှိ ရဲသမိုင်းပြတိုက်၊ မှုခင်းသိပ္ပံဓာတ်ခွဲခန်း၊ စာကြည့်တိုက်နှင့် စာဖတ်ခန်း၊ အင်္ဂလိပ်ဘာသာ စာသင်ခန်း၊ ကွန်ပျူတာသင်ကြားရေးခန်း၊ Language Lab နှင့် အမှုစစ်အရာရှိ သင်တန်းခန်းတို့ကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

လေ့လာရေးသင်တန်းသား၊ သင်တန်းသူများသည် မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့နယ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဗဟိုမီးသတ်သင်တန်းကျောင်း၌ မီးသတ်စွမ်းရည်၊ အသက်ကယ်စွမ်းရည် လက်တွေ့သရုပ်ပြတင်ဆက်မှုနှင့် မီးသတ် ပစ္စည်းကိရိယာများ သရုပ်ပြခြင်းတို့ကို ကြည့်ရှုလေ့လာကြသည်။

လေ့လာရေးသင်တန်းသား၊ သင်တန်းသူများသည် ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့နယ်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒိုးကွင်စိုက်ပျိုးရေးခြံသို့ ရောက်ရှိပြီး ဆေးဖက်ဝင်သစ်ခွများ၊ အရည်အသွေး မြင့်မားသည့် ဈေးကွက်ဝင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးမျိုးများ စိုက်ပျိုးထုတ်လုပ်မှုကို လည်းကောင်း၊ ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် အမျိုးသားအထိမ်းအမှတ် ဥယျာဉ်တို့ကို လည်းကောင်း၊ သစ်တောဦးစီးဌာန မြန်မာနိုင်ငံသစ်တောကျောင်း၌ သစ်တောကျောင်းပြတိုက်နှင့် စာကြည့်တိုက်တို့ကို လည်းကောင်း၊ ရတနာပုံမြို့သစ်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ရတနာပုံတယ်လီပို့ တည်ဆောက်ရေးလုပ်ငန်းခွင်ကို လည်းကောင်း ကြည့်ရှုလေ့လာခဲ့ကြသည်။

(သတင်းစဉ်)

အကြိမ်(၂၀)မြောက် အကောက်ခွန်နေ့အခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၆

အကြိမ်(၂၀)မြောက် အကောက်ခွန်နေ့ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းရှိ အကောက်ခွန်ဦးစီးဌာန သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံသောင်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် ဝန်ထမ်းကျင့်ဝတ်စာမေးပွဲ၌ ဆုရရှိသူများ၊ လုပ်ငန်းဆိုင်ရာ ချီးကျူးမှတ်တမ်းတင်ခံရသူများ၊ ဌာနခွဲအလိုက် လုပ်ငန်းစွမ်းဆောင်ရည် အကောင်းဆုံး ရရှိသူများ၊ ဌာနတွင်း/ဌာနပြင်ပ သင်တန်းများ၌ သင်တန်းထူးချွန်ဆု ရရှိသူများ၊ ငါးကြိမ်နှင့် အထက် သွေးလှူဒါန်းသူများနှင့် ပညာရည်ချွန်ဆုရရှိသော ဝန်ထမ်းသားသမီးများအား ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ လေးနှစ်သင်တန်း အမှတ်စဉ် (၄၂)မှ လေ့လာရေးသင်တန်းသား၊ သင်တန်းသူများ ပြင်ဦးလွင်မြို့နယ်ရှိ ဒိုးကွင်စိုက်ပျိုးရေးခြံ၌ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံသောင်း အကြိမ်(၂၀)မြောက် အကောက်ခွန်နေ့အခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)



Medical Biochemistry, Cancer Biology ဘာသာရပ်အကြောင်း ဆွေးနွေးပြောကြားမည်

ရန်ကုန် ဇန်နဝါရီ ၂၆

ဆေးပညာကိုစိတ်ဝင်စားပြီး နိုင်ငံတကာအသိအမှတ်ပြု ဒီဂရီရရှိလိုသူများ ၂၀၁၁ ခုနှစ်တွင် အသစ်သင်ယူရရှိနိုင်မည့် M.Sc in Health Care Management ပရိုဂရမ်နှင့် Medical Biochemistry, Cancer Biology ဘာသာရပ်များအကြောင်းကို MDIS မှ ဖေဖော်ဝါရီ ၁၁ ရက် (သောကြာနေ့) နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ Summit Parkview Hotel ၌ ကျင်းပမည့် “SINGAPORE EDUCATION ROADSHOW 2011” ပြပွဲတွင် ရှင်းလင်းပြောကြားမည် ဖြစ်ကြောင်း သိရှိရသည်။

Biomedical Science အောက်ရှိ Biochemistry/ Cancer Biology ဘာသာရပ်များသည် လူ၏ အသက်ဇီဝဖြစ်စဉ်များကို လေ့လာခြင်းနှင့် လူ၌ ဖြစ်လေ့ရှိသည့် ရောဂါများနှင့် ယင်းရောဂါများ၏ နောက်ဆက်တွဲ အကြောင်းအရာများကို လေ့လာသော ဘာသာရပ်တစ်ခုဖြစ်ကြောင်း၊ ထို့ပြင် အဆိုပါရောဂါများနှင့်ပတ်သက်၍ ရောဂါကုထုံးများရှာဖွေခြင်း၊ သုတေသနပြုခြင်းများအပြင် ၎င်းဖြစ်စဉ်များနှင့် ပတ်သက်သည့် ဖြစ်စဉ်များ Scientific ရှုထောင့်၌ လေ့လာသောဘာသာရပ် ဖြစ်ကြောင်း သိရသည်။

အထူးပြုဘာသာရပ်အဖြစ် သင်ယူနိုင်သော Cancer Biology ဘာသာရပ်တွင် Cancer ဖြစ်ပွားစေသည့် Molecular နှင့် Genetic အကြောင်း၊ အသစ်ပေါ်ပေါက်သည့် ကင်ဆာကုထုံးသစ်များအကြောင်းကို လေ့လာရမည်ဖြစ်ပြီး Medical Cell Biology မေဂျာ၌ ရောဂါဗေဒနှင့် ကုထုံးများ၊ Medical Biochemistry တွင် Cell များ အလုပ်လုပ်ပုံနှင့် ရောဂါများအပေါ် အကျိုးသက်ရောက်မှုများအကြောင်း လေ့လာရမည် ဖြစ်သည်။

သုတေသနလုပ်ငန်းများကို စိတ်ဝင်စားသော ကျောင်းသား၊ ကျောင်းသူများအတွက် University of Bradford က ချီးမြှင့်သည့် B.Sc (Hons) in Biomedical Science ဘာသာရပ်ကို လေ့လာနိုင်သလို ဆေးပညာနှင့်ဆက်စပ်စီမံခန့်ခွဲမှုမဟာဘွဲ့ကို သင်ယူလိုသူများအတွက် University of Wales မှ ချီးမြှင့်မည့် M.Sc in Health Care Management ကို တစ်နှစ်အတွင်း တက်ရောက်သင်ယူနိုင်ကြောင်း သိရသည်။

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက CROWN Education, Summit Parkview Hotel အခန်း(၂၂၈-၂၂၉) ဖုန်း-၂၁၁ ၈၈၈ (လိုင်းခွဲ ၂၂၈)နှင့် ဖုန်း-၀၉-၅၀၈၅၁၈၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။ (သတင်းစဉ်)

၂၀၁၁ ခုနှစ် အာဖဂန်စစ်မြေပြင်သည် ကြမ်းတမ်းဖွယ်ရှိကြောင်း အမေရိကန်ဗိုလ်ချုပ်ကြီး ပြောကြား

ကဘူး ဇန်နဝါရီ ၂၆

အာဖဂန်စစ်မြေပြင်ရှိ မြောက်အတ္တလန္တိတ်စစ်စာချုပ်အဖွဲ့(နေတိုး)နှင့် အမေရိကန်တပ်ဖွဲ့များ၏ တပ်မှူးကြီးဖြစ်သူ အမေရိကန်ဗိုလ်ချုပ်ကြီး ဒေးဗစ်ပက်ထရေးယပ်စ်က အာဖဂန်စစ်ပွဲဆိုင်ရာ အကဲဖြတ်ချက်တစ်ရပ်ကို ဇန်နဝါရီ ၂၅ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း၌ တာလီဘန်တို့၏ အလစ်အငိုက် တိုက်ခိုက်မှုခံရစဉ် ပြန်လည်ပစ်ခတ်နေသော နေတိုးတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

နေတိုးနှင့်အမေရိကန်တပ်ဖွဲ့များသည် အာဖဂန်စစ်မြေပြင်၌ ပြီးခဲ့သည့်နှစ်အတွင်း အောင်မြင်မှုများ သိသိသာသာရရှိခဲ့သော်လည်း ယခု ၂၀၁၁ ခုနှစ်တွင် အာဖဂန်ပြည်တွင်းလုံခြုံရေးကို ဆက်လက်မြှင့်တင်နိုင်ရန် ကြိုးပမ်းနေသော နိုင်ငံစုံတပ်ဖွဲ့များ အနေဖြင့် အခက်အခဲများနှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း ဗိုလ်ချုပ်ကြီး ပက်ထရေးယပ်စ်၏ စစ်ဘက်ဆိုင်ရာ အကဲဖြတ်မှတ်တမ်း၌ ဖော်ပြထားသည်။

၂၀၁၀ခုနှစ်သည် အာဖဂန်စစ်မြေပြင်၌ အောင်မြင်မှုများကို ခက်ခက်ခဲခဲရယူနိုင်ခဲ့သည့် နှစ်ဖြစ်ကြောင်း၊ သို့ရာတွင် ၂၀၁၁ ခုနှစ်တွင် အာဖဂန်စစ်မြေပြင်သည် အမေရိကန်နှင့် နေတိုးတပ်ဖွဲ့များအတွက် ပိုမိုကြမ်းတမ်းလာဖွယ်ရှိကြောင်း အဆိုပါ စစ်ရေး အကဲဖြတ်မှတ်တမ်း၌ ဖော်ပြထားသည်။

အမေရိကန်နှင့် နေတိုးတပ်ဖွဲ့များသည် တာလီဘန်များ ခြေကုပ်ယူထားရာဒေသဖြစ်သောအာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း၌ ရရှိခဲ့သော အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းထားရလိမ့်မည်ဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် အာဖဂန် မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတို့၌ တိုးမြင့်ဖြစ်ပေါ်လျက်ရှိသော စစ်သွေးကြွလှုပ်ရှားမှုများကိုလည်း ထိန်းချုပ်ရန်လိုကြောင်း ဗိုလ်ချုပ်ကြီးပက်ထရေးယပ်စ်ကဆိုသည်။

အာဖဂန်နစ္စတန်မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတို့၌ အကြမ်းဖက်မှုဖြစ်ပွားနှုန်းသည် ယမန်နှစ်ကထက် မြင့်တက်လာပြီး တာလီဘန်အဖွဲ့က ၎င်း၏တပ်ဖွဲ့များကို စစ်ရေးအရထိပ်တိုက်ရင်ဆိုင်မှုနည်းပါးခဲ့သော ဒေသများသို့ ရွှေ့ပြောင်းလှုပ်ရှားစေသည့် လက္ခဏာဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။ **အေပီ။**

ယီမင်တောင်ပိုင်း၌တိုက်ပွဲဖြစ်ပွား အကြမ်းဖက်သမားငါးဦးကို လုံခြုံရေးတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်း

ဆာနား ဇန်နဝါရီ ၂၆

ယီမင်နိုင်ငံတောင်ပိုင်း အက်တ်ယန်ပြည်နယ်တွင် ယီမင်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အယ်လ်ခိုင်ဒါ အဆက်အသွယ်များ တိုက်ပွဲဖြစ်ပွားရာ အယ်လ်ခိုင်ဒါဟု သံသယရှိသူ အကြမ်းဖက်သမားငါးဦးကို ဖမ်းဆီးနိုင်ခဲ့သည်ဟု သတင်းတွင် ဖော်ပြသည်။

တိုက်ပွဲဖြစ်ပွား

ယီမင်နိုင်ငံ မြို့တော်ဆာနား၏ အရှေ့တောင်ဘက် ၁၅၅ မိုင် ကွာဝေးသော လောဒါးမြို့ရှိ လုံခြုံရေးစစ်ဆေးရေးဂိတ် တစ်ခု၌ ဇန်နဝါရီ ၂၅ရက်က တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

တိုက်ပွဲဖြစ်ပွားစဉ် စစ်သွေးကြွများ ဒဏ်ရာရရှိခဲ့ကြသကဲ့သို့ ယီမင်တပ်ဖွဲ့ဝင်တစ်ဦးလည်း ဒဏ်ရာရရှိခဲ့သည်ဟု ယီမင်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောကြားချက်ကိုကိုးကား၍ဆင်ဟွာ သတင်းဌာနက ဖော်ပြသည်။

အယ်လ်ခိုင်ဒါများသည် ယီမင်နိုင်ငံတောင်ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စစ်ဘက်ဆိုင်ရာပုဂ္ဂိုလ်များကို လက်နက်ကိုင် ဆန့်ကျင်တိုက်ခိုက်ခဲ့သည်။

ဖမ်းဆီးရမိသော အယ်လ်ခိုင်ဒါဟု သံသယရှိသူ ငါးဦးထဲတွင် ဒေသခံ အယ်လ်ခိုင်ဒါခေါင်းဆောင် တစ်ဦးဖြစ်သူ အမီးန် အယ်လ်ဘက်ဒ်ဆိုသူ ပါဝင်သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူး ဇန်နဝါရီ ၂၆

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူ အများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့် အချိန်မှစတင်ပြီး ဇန်နဝါရီ ၂၆ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၃၅၉၇ ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၄၀၈၃၉ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၃၅၉၇ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၄၀၈၃၉ ဦး

အင်တာနက်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဇန်နဝါရီ ၂၆

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး ဇန်နဝါရီ ၂၆ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူ ဦးရေမှာ ၇၀၄၇၆၂ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၁၂၇၅၇၆၈ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၄၇၆၂ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၅၇၆၈ ဦး

အင်တာနက်။

ပါကစ္စတန်မြို့ကြီးနှစ်မြို့၌ ဗုံးနှစ်လုံး ပေါက်ကွဲမှုဖြစ်ပွား သေဆုံးသူ ၁၄ ဦးရှိ

လာဟိုး ဇန်နဝါရီ ၂၆

ပါကစ္စတန်နိုင်ငံရှိ အကြီးဆုံးမြို့ကြီးနှစ်မြို့တွင် လူနည်းစု ရှီးယိုက်တို့ကို ပစ်မှတ်ထား၍ ကားဗုံးနှစ်လုံးဖောက်ခွဲမှုကြောင့် သေဆုံးသူ ၁၄ ဦးရှိကြောင်း ရဲတပ်ဖွဲ့က ဇန်နဝါရီ ၂၆ ရက်တွင် ပြောကြားသည်။

နိုင်ငံတောင်ပိုင်းရှိ ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သော ကရာချိမြို့၌ မော်တော်ဆိုင်ကယ်ပေါ် ထောင်ထားသောဗုံးတစ်လုံး ပေါက်ကွဲမှုကြောင့် လေးဦးသေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဇန်နဝါရီ ၂၅ ရက် ညနေပိုင်းက ဖြစ်ပွားခဲ့သော တိုက်ခိုက်မှု၌ အသေခံဗုံးခွဲသူ တစ်ဦးနှင့် အခြားလူနှစ်ဦးသေဆုံးခဲ့သည်ဟု ဆိုသည်။

ကရာချိမြို့၌ တိုက်ခိုက်မှုမဖြစ်ပွားမီ တစ်နာရီခွဲခန့်အလို၌ နိုင်ငံအရှေ့ပိုင်းရှိ လာဟိုးမြို့တွင် အသေခံဗုံးဖောက်ခွဲမှုကြောင့် လူ ၁၀ ဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိသည်။ လာဟိုး တိုက်ခိုက်မှုအတွက် ၎င်းတို့တွင် တာဝန်ရှိကြောင်း တာလီဘန်တို့က ပြောကြားသည်။ **အေပီ။**

ပါကစ္စတန်နိုင်ငံ လာဟိုးမြို့၌ ဇန်နဝါရီ ၂၅ရက်က အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ဒဏ်ရာရသူတစ်ဦးကို ကယ်ထုတ်လာစဉ်။



ဒုက္ခသည်များ နေရင်းရပ်ရွာပြန်လာနိုင်ရေး အီရတ်နိုင်ငံ ပြင်ဆင်ထားရန်လို

ဘဂ္ဂဒက် ဇန်နဝါရီ ၂၆

အီရတ်နိုင်ငံ၏ ဒုက္ခသည်ပြဿနာကို အဆုံးသတ်ရန် မျှော်လင့်နိုင်ပြီဖြစ်ကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (ယူအင်န်အိတ်ချ်စီအာရ်) ၏ အကြီးအကဲက ဇန်နဝါရီ ၂၄ရက်တွင် ပြောကြားခဲ့သည်။

သို့ရာတွင် အီရတ်အစိုးရအဖွဲ့သစ်အနေဖြင့် အမိနိုင်ငံသို့ ပြန်လာကြမည့် အီရတ်ဒုက္ခသည်များ၏ ပိုင်ဆိုင်မှု အခွင့်အရေးကဲ့သို့သော သိမ်မွေ့သည့်ပြဿနာများကို ရင်ဆိုင်ရေးအတွက် ပြင်ဆင်ထားရန် ယူအင်န်အိတ်ချ်စီအာရ် အကြီးအကဲ အင်တိုနီယိုဂူသ်ရက်စ်က အီရတ်အစိုးရအဖွဲ့သစ်ကို တိုက်တွန်းခဲ့သည်။

အီရတ်နိုင်ငံတွင်းသို့ ပြန်လည်ဝင်ရောက်လာသော ဒုက္ခသည်များသည် အိမ်ရာ၊ ကျောင်းနေခွင့်နှင့် အခြေခံလူမှုအခွင့်အရေးများ ဆုံးရှုံးနစ်နာမှုများနှင့် ကြုံဆုံနေရကြောင်း သတင်းတွင် ဖော်ပြသည်။

လွန်ခဲ့သည့် သုံးနှစ်တာကာလအတွင်း ပြည်တွင်းသို့ အီရတ်ဒုက္ခသည် ၉၀၀၀၀ ပြန်လည်ဝင်ရောက်ခဲ့ကြောင်း ယူအင်န်အိတ်ချ်စီအာရ်၏ အဆိုအရသိရသည်။

အီရတ်နိုင်ငံသား ၂၀၀၀၀၀ ခန့်မျှသည် ယူအင်န်အိတ်ချ်စီအာရ်တွင်ဒုက္ခသည်များအဖြစ်အမည်စာရင်းတင်သွင်းထားကြပြီး ၎င်းတို့အများစုသည် ဆီးရီးယား၊ ဂျော်ဒန်နှင့် လက်ဘနွန်နိုင်ငံများ၌ ခိုလှုံနေထိုင်ကြရသည်။

အီရတ်နိုင်ငံသား ၁ ဒသမ ၃သန်းသည် အကြမ်းဖက်တိုက်ခိုက်မှု အန္တရာယ်များကို ရှောင်ရှားရင်း ပြည်တွင်း၌ပင် ရွှေ့ပြောင်းနေထိုင်ကြရကြောင်း၊ ၎င်းတို့အနက် ၅၀၀၀၀ မျှတို့သည် ဘဝနေထိုင်ရေး အခြေအနေ လွန်စွာဆိုးရွားနိမ့်ကျနေကြကြောင်း ယူအင်န်အိတ်ချ်စီအာရ်၏ အစီရင်ခံစာတွင် ဖော်ပြသည်။ **အေပီ။**

အာဖဂန်အကျဉ်းထောင်များအတွင်း ပါကစ္စတန်အကျဉ်းသား ၂၆၅ဦးရှိ

အစ္စလာမ္မာဘတ် ဇန်နဝါရီ ၂၆

အာဖဂန်နစ္စတန်နိုင်ငံရှိ အကျဉ်းထောင်များအတွင်း ပါကစ္စတန်လူမျိုး အကျဉ်းသား ၂၆၅ ဦးရှိကြောင်း၊ မြို့တော်ကဘူး ဆင်ခြေဖုံးရှိ ပေါလ်အီးချာကီအမည်ရှိ အကျဉ်းထောင်တစ်ခုတည်းမှာပင် ပါကစ္စတန်အကျဉ်းသား ၁၀၀ ကျော်ရှိကြောင်း ဘီဘီစီသတင်းထောက်တစ်ဦးက ဇန်နဝါရီ ၂၅ရက်တွင် ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ တာလီဘန်သို့မဟုတ် အယ်လ်ခိုင်ဒါအုပ်စုများနှင့် ဆက်နွယ်မှုရှိသော အကြမ်းဖက်သမားများအဖြစ် စွဲချက်တင်ခံရပြီးနောက် ပြစ်ဒဏ်ချမှတ်ခံခဲ့ရသော ပါကစ္စတန်လူမျိုး အရေအတွက်မှာ ၂၆၅ဦးအထိရှိကြောင်း ဘီဘီစီသတင်းထောက်တစ်ဦးက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံရှိ အကျဉ်းထောင်များအတွင်း ပါကစ္စတန်လူမျိုးအကျဉ်းသားများရှိသည်မှာ မှန်ကန်သည်ဟု ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြုသည်။ သို့ရာတွင် ပါကစ္စတန်လူမျိုး အကျဉ်းသားဦးရေ မည်မျှရှိသည်ကို အတိအကျ ပြောကြားခြင်းမရှိပေ။

အင်တာနက်။

ကားစီးရေ ၁ ဒသမ ၇ သန်းနီးပါးအထိ တိုယိုတာကုမ္ပဏီ ပြန်လည်သိမ်းဆည်း

တိုကျို ဇန်နဝါရီ ၂၆

ဆီယိုစိမ့်မှုဖြစ်ပေါ်စေသော ချွတ်ယွင်းမှုများကြောင့် ကမ္ဘာတစ်ဝန်းသို့ တင်ပို့ရောင်းချခဲ့သော တိုယိုတာမော်တော်ကားစီးရေ ၁ ဒသမ ၇သန်းနီးပါးကို အဆိုပါကုမ္ပဏီက ပြန်လည်သိမ်းဆည်းလျက်ရှိသည်။

မြောက်အမေရိကသို့တင်ပို့ခဲ့သော အိုင်အက်စ်နှင့်ဂျီအက်စ် လက်ဆပ်စ်အမျိုးအစားမော်တော်ကားများ၊ ဥရောပသို့တင်ပို့ခဲ့သော အဗင်ဆစ်ဆီဒင်ကားနှင့် စတေရှင်ဝက်စ်ဂွန်အမျိုးအစား ကားများအပါအဝင် ကားအမျိုးအစားအမျိုးမျိုးကို ပြန်လည်သိမ်းဆည်းမည်ဟုဆိုသည်။ **အေပီ။**

နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ပြီးစီးမှု ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ ကြည့်ရှုစစ်ဆေး

ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၆

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေသည် ယနေ့နံနက် ၁၀ နာရီတွင် အေးရှားဝေါလ်ကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်လျက်ရှိသည့် နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်ရှင်းလင်းဆောင်သို့ ရောက်ရှိရာ အေးရှားဝေါလ်ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ လေဆိပ်ပင်မအဆောက်အအုံ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများ၊ လေယာဉ်ပြေးလမ်း၊ လေယာဉ်သွားလမ်းနှင့် လေယာဉ်ရပ်နားရန် နေရာတို့ ကွန်ကရစ်ခင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီး ဦးသိန်းဆွေက ဆောက်လုပ်ရေးပစ္စည်းများ အချိန်မီရရှိရေး၊ သတ်မှတ်စံချိန်စံညွှန်း ပြည့်မီရေး၊ နိုင်ငံတကာအဆင့်မီ လေဆိပ်အင်္ဂါရပ်များနှင့်အညီ လုပ်ငန်းများဆောင်ရွက်ရေး၊ လုပ်ငန်းခွင်အတွင်း လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်ရေးနှင့် သတ်မှတ်အချိန်အတွင်း လုပ်ငန်းများ ပြီးစီးရေးတို့အတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ အသုံးပြုမည့် ဆောက်လုပ်ရေးသုံးပစ္စည်းနမူနာများနှင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ပြီးစီးမှု ပြကွက်များကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီး ဦးသိန်းဆွေသည် စီမံကိန်းလုပ်ငန်းခွင်၌ လေယာဉ်သွားလမ်းကွန်ကရစ်ခင်းနေမှုနှင့် ပြီးစီးမှု၊ ကွန်ကရစ်ခင်းရန် မြေကြီးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လေယာဉ်ရပ်နားရန်နေရာ ကွန်ကရစ်ခင်းနေမှုနှင့် ပြီးစီးမှု၊ လေဆိပ်ပင်မအဆောက်အအုံတည်ဆောက်ပြီးစီးမှုနှင့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေမှု၊ ပင်မအဆောက်အအုံ အမိုးဒိုင်းလုပ်ငန်းဆောင်ရွက်နေမှု၊ အဲကွန်းလိုင်း ဆောင်ရွက်နေမှုနှင့်ပြီးစီးမှု၊ ပင်မအဆောက်အအုံအတွင်း ကြမ်းခင်းကျောက်ပြားခင်းရန် ရေတားလွှာများ ဆောင်ရွက်နေမှုနှင့် လေဆိပ်ချဉ်းကပ်လမ်း တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်အား နိုင်ငံတော်၏ စီးပွားရေးကို လေကြောင်းကဏ္ဍမှ ဖြည့်ဆည်းပံ့ပိုးပေးနိုင်ရန်၊ နိုင်ငံတကာ လေကြောင်းလိုင်းများမှ မည်သည့် လေယာဉ်အမျိုးအစားကိုမဆို ဆင်းသက်ခွင့်၊ ရပ်နားခွင့်၊ ဖြတ်သန်းခွင့်တို့ကို ဆောင်ရွက်ပေးနိုင်ရန်၊ ဆင်းသက်ရပ်နားသည့် လေယာဉ်များအတွက် လောင်စာဆီ ဖြည့်တင်းခြင်း၊ စားရေရိက္ခာ ဖြည့်တင်းခြင်း၊ စက်ကိရိယာပိုင်းဆိုင်ရာ ချို့ယွင်းမှုများ ပြင်ဆင်ခြင်း ကိစ္စရပ်များကို ဆောင်ရွက်ပေးနိုင်ရန်၊ အပြည်ပြည်ဆိုင်ရာ ကုန်ပစ္စည်း ပေးပို့လက်ခံခြင်း ကိစ္စရပ်များကို လေကြောင်းမှ လျင်မြန်လွယ်ကူစွာ သယ်ယူပို့ဆောင်ပေးနိုင်ရန်၊ နိုင်ငံတကာနှင့် စီးပွားရေး၊ လူမှုရေး၊ သံတမန်ရေးဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်လာသည်နှင့်အမျှ တိုးတက်လာသော နိုင်ငံတကာ ခရီးသည် ဝင်/ထွက်သွားလာမှု သိပ်သည်းထူထပ်လာခြင်းအပေါ် အဆင်ပြေချောမွေ့စွာ ဖြေရှင်းပေးနိုင်ရန်နှင့် နေပြည်တော်ကို ဗဟိုပြု၍ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးသို့ လွယ်ကူစွာ သွားလာနိုင်ရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များကို သွက်လက်လျင်မြန်စွာ ဆောင်ရွက်သွားနိုင်ရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် အကျယ်အဝန်း ၅၅၆၉ ဧကပေါ်၌ ၂၀၀၈ ခုနှစ် မေ ၅ ရက်မှ စတင်၍ စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ စီမံကိန်းလုပ်ငန်းကြီးတစ်ခုလုံး ဆောင်ရွက်ပြီးစီးမှု ၂၃ ဒသမ ၁၀ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်ညီလာခံနှင့် (၁၂)ကြိမ်မြောက် ပူးတွဲအစည်းအဝေး ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၆

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း၏ (၃၁)ကြိမ်မြောက် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်ညီလာခံနှင့် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းနှင့် အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာအဖွဲ့ချုပ်တို့၏ (၁၂)ကြိမ်မြောက် ပူးတွဲ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ရှိ Traders Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသိန်းထွန်းက အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆေးပစ္စည်းပြခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဧည့်သည်တော်များသည် ပြခန်းများနှင့် မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

အဆိုပါ ညီလာခံကို ဇန်နဝါရီ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်ရာ ပြည်တွင်းပြည်ပမှ စာတမ်းရှင် ၂၆ ဦးတို့က စာတမ်းများကို ဖတ်ကြား၍ ဟောပြောပို့ချပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် အားကစားပြိုင်ပွဲများလည်း ကျင်းပမည် ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသိန်းထွန်း (၃၁)ကြိမ်မြောက် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်ညီလာခံနှင့် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းနှင့် အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာ အဖွဲ့ချုပ်တို့၏ (၁၂)ကြိမ်မြောက် ပူးတွဲ အစည်းအဝေးဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

တောင်သာမြို့နယ် တောင်လယ်ကန်ကျေးရွာစက်ရေတွင်း ဖွင့်ပွဲကျင်းပ

တောင်သာ ဇန်နဝါရီ ၂၆

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် တောင်လယ်ကန်ကျေးရွာ ခြောက်လက်မ စက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် အဆိုပါ စက်ရေတွင်း မုခ်ဦးရှေ့၌ ကျင်းပရာ ရှေးဦးစွာ စက်ရေတွင်း အလှူရှင် အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး စက်ရေတွင်းနှင့် စက်ရေတွင်းဆိုင်ရာ မှတ်တမ်းကို တောင်သာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဝင်းထံ လွှဲပြောင်းပေးအပ်သည်။ ထို့နောက် တာဝန်ရှိသူတို့က စက်ရေတွင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ အဆိုပါ တောင်လယ်ကန် စက်ရေတွင်းမှ တစ်နာရီလျှင် ရေဂါလန် ၈၀၀ ထွက်ရှိကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဟောပြောသင်ကြားပို့ချမှုများ ကြည့်ရှုအားပေး

နေပြည်တော် ဇန်နဝါရီ ၂၆

အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(တာဝန်) ဦးရဲလွင်အောင်သည် ယနေ့နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်း၌ မန္တလေးတက္ကသိုလ်မှ ပါမောက္ခ (ဌာနမှူး) ဒေါ်နီနီလှိုင်၏ အင်္ဂလိပ်စာ ဆွေးနွေးပို့ချနေမှု၊ ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၂၇) အခြေခံပညာ အထက်တန်းကျောင်း၌ ပါမောက္ခ(ဌာနမှူး) ဒေါက်တာယဉ်မြ၏ ရူပဗေဒ ဆွေးနွေးပို့ချနေမှုနှင့် အောင်မြေသာစံမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၌ ပါမောက္ခ ဒေါက်တာထက်ထက်၏ မြန်မာစာ ဆွေးနွေးပို့ချနေမှုတို့ကို ကြည့်ရှုစစ်ဆေးအားပေးသည်။

၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးကို ရည်ရွယ်၍ ဘာသာရပ်ဆိုင်ရာ ပါမောက္ခ၊ ဆရာကြီး၊ ဆရာမကြီးများ၏ ဆွေးနွေးပို့ချမှုများကို မြို့နယ်အလိုက် ယနေ့မှ ဇန်ဝါရီ ၂၉ ရက်အထိ မန္တလေးခရိုင် ခုနစ်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ တက္ကသိုလ်ဝင်တန်းကျောင်းသား၊ ကျောင်းသူများအား ဟောပြောပို့ချ ဆွေးနွေးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သယ်န်းကျွန်းမြို့နယ် အထက(၃)၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုနှင့် ၂၀၁၀-၂၀၁၁ ဘက်စုံထူးချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၂ ရက်က ကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ မစန္ဒာအေးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ပြုံးရီ ဆုချီးမြှင့်စဉ်။

(ပညာရေး)

ကလောစည်ပင် ကျောက်ချောလမ်းသစ် ဖွင့်လှစ်

နေပြည်တော် ဇန်နဝါရီ ၂၆

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် ရေယား-ပိန္နဲပင်ကျေးရွာ ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီခွဲတွင် အဆိုပါ လမ်းသစ်မုခ်ဦး၌ ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးညီညီသန့်က လမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် အမှုဆောင်အရာရှိ ဦးမျိုးမင်းစိုးတို့က လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး လမ်းသစ်အား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဩစတြေးလျ ပညာရေးစနစ်အကြောင်း ရှင်းလင်းပြသမည်

ရန်ကုန် ဇန်နဝါရီ ၂၆

ဩစတြေးလျဘွဲ့များကို လေ့လာသင်ယူရရှိနိုင်မည့် PSB Academy သည် စင်ကာပူအစိုးရမှ အသစ်ပြဋ္ဌာန်းထားသည့် ပညာရေးနှင့် စီမံခန့်ခွဲမှု အရည်အသွေးဆိုင်ရာလက်မှတ် Edu Trust လေးနှစ် ရရှိထားပြီး ဩစတြေးလျပညာရေးစနစ်များနှင့် စင်ကာပူမှတစ်ဆင့် တက်ရောက်သင်ယူနိုင်မည့် ဩစတြေးလျဘွဲ့များအကြောင်းကို ဖေဖော်ဝါရီ ၁၁ ရက် (သောကြာနေ့)တွင် ရန်ကုန်မြို့ Summit Parkview Hotel ၌ ကျင်းပမည့် Singapore Eduction Road Show 2011 တွင် ပါဝင်ပြသ သွားမည်ဖြစ်ကြောင်း သိရသည်။

PSB Academy သည် SIM Global Education နှင့် ITE College West တို့ကို ကျော်ဖြတ်ကာ Singapore Tourism Board က ချီးမြှင့်သည့် Singapore Experience Award for Best Education Experience ဆုကို ရရှိထားသောကျောင်းဖြစ်သည်။

အဆိုပါ Eduction Road Show တွင် ဩစတြေးလျပညာရေးစနစ်အကြောင်း၊ ဩစတြေးလျနိုင်ငံ University of Newcastle မှ တိုက်ရိုက်ပေးအပ်မည့် Bachelor of Engineering (Electrical) နှင့် Bachelor of Engineering (Mechanical) အင်ဂျင်နီယာဘွဲ့များအကြောင်း၊ အသစ်သင်ယူရရှိနိုင်သည့် အင်ဂျင်နီယာဒီပလိုမာများ၊ စီးပွားရေး (Banking & Finance အထူးပြု)ဒီပလိုမာ၊ Sport & Exercise Sciences, Sport and Leisure Management ဒီပလိုမာဘာသာရပ်များအကြောင်း၊ University of Newcastle မှ ချီးမြှင့်မည့် Double Major ယူနိုင်သော ဘွဲ့နှင့် ဘာသာရပ်များ၊ Bachelor of Commerce (Accounting), Bachelor of Business (Marketing, Management, Tourism) ဘာသာရပ်များအကြောင်း၊ Bachelor of Information Techology နှင့် MBA များအကြောင်းနှင့် ဝင်ခွင့် အသေးစိတ်အချက်အလက်များကို မေးမြန်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်စုံစမ်းနိုင်

PSB Academy တွင် တက်ရောက်သင်ယူနိုင်သည့် အခြားဘာသာရပ်များမှာ The University of Wollongong မှ ချီးမြှင့်မည့် Bachelor of Commerce ဘွဲ့ကို (Finance, Marketing, Management, Public Relations, Supply Chain Management) အစရှိသည့် အထူးပြုဘာသာရပ်များဖြင့် လေ့လာသင်ယူနိုင်သည်။ အသေးစိတ်အချက်အလက် များကို သိရှိလိုပါက CROWN Education, Summit Parkview Hotel အခန်းအမှတ် (၂၂၈/၂၂၉) ဖုန်း-၂၁၁၈၈၈-လိုင်းခွဲ-၂၂၈နှင့် ၀၉-၅၀၈၅၁၈၅တို့တွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ယခုနှစ် နိုဝင်ဘာလအတွင်းပြီးစီးအောင် အရှိန်မြှင့် တည်ဆောက်နေမှု အခြေအနေများကို ဤသို့တွေ့ရမည်။

● အရှေ့တောင်အာရှမှ

"နိုင်ငံတကာအဆင့်မီ အဆင့်မြင့် ဘောလုံးကွင်းကြီးကို နိုင်ငံတကာစံချိန်စံညွှန်းမီအောင် လူအင်အား၊ စက်အင်အားသာမက အဘက်ဘက်မှ ဖြည့်ဆည်းပြီး တည်ဆောက်ခဲ့တာ ယခုဆိုရင် အဆောက်အအုံကြီးရဲ့ ပြီးစီးမှုဟာ ၆၆ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်တာမို့ သတ်မှတ်ကာလအတွင်း ပြီးစီးမှာပါ"ဟု မက်စ်မြန်မာကုမ္ပဏီ စီမံကိန်းဒါရိုက်တာ ဦးငွေအောင်က ဆိုသည်။ နိုင်ငံတကာ

မက်စ်မြန်မာဆောက်လုပ်ရေး စီမံကိန်းဒါရိုက်တာ ဦးငွေအောင်။

အဆင့်မီ အဆင့်မြင့်ဘောလုံးကွင်းကို နေပြည်တော်တွင် ဇေယျာသီရိမြို့နယ်၌ တစ်ကွင်း၊ ဇမ္ဗူသီရိမြို့နယ်၌တစ်ကွင်း စုစုပေါင်း နှစ်ကွင်း တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသည်။

မြေနေရာအကျယ်အဝန်း ၃၈၄ဧက အတွင်းတွင် ဘောလုံးကွင်းအကျယ် ၂၉၄၂၇စတုရန်းမီတာ၊ ဘောလုံးကွင်းနှင့် ပြေးလမ်းအကျယ် ၁၆၂၆၅စတုရန်းမီတာ၊ ကားရပ်နားကွင်းအကျယ် ၃၇၅၀၀ စတုန်းမီတာ၊ ခေါင်မိုးအကျယ် ၃၁၂၀၀ စတုရန်းမီတာ၊ အဆောက်အအုံအမြင့် ၂၃ဒသမ၅မီတာရှိပြီး လေ့ကျင့်ရေးကွင်းအကျယ် ၂၂ ဧကနှင့် အားကစားရုံဧရိယာမှာ ၂၁ ဧကရှိသည်။ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို စီမံကိန်းဒါရိုက်တာ ဦးငွေအောင်အား မေးမြန်းကြည့်ရာ အဆင့်မြင့်ဘောလုံးကွင်း တည်ဆောက်ရေးလုပ်ငန်းခွင်တွင် အင်ဂျင်နီယာ ၆၀၊ ဝန်ထမ်း ၁၂၃ ဦး၊ နေ့/ညလုပ်သား အင်အား ၉၇၀ နှင့် စက်ယန္တရားများအနေဖြင့် စုစုပေါင်း ယာဉ်ကြီး ၃၈ စီးတို့ဖြင့် နေ့ရောညပါ လည်ပတ် အကောင်အထည်ဖော် ဆောက်လုပ်လျက် ရှိကြောင်း၊ အဆင့်မြင့်ဘောလုံးကွင်းတွင် ပွဲကြည့်စင် သုံးဆင့်ပါဝင်ပြီး ပွဲကြည့်ပရိသတ် ၃၀၀၀၀ ဝင်ရောက်ကြည့်ရှုအားပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ တတိယပွဲကြည့်စင်ကို ဆောက်လုပ်နေပြီး ဖေဖော်ဝါရီလတွင် အပြီးသတ် ဆောက်လုပ်သွားမည်ဖြစ်သည်။ တတိယပွဲကြည့်စင်ပြီးသည်နှင့် တစ်ပြိုင်နက် အမိုးပိုင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ တတိယပွဲကြည့်စင်အထိ မြန်မာအင်ဂျင်နီယာများဖြင့် တည်ဆောက် အကောင်အထည်ဖော်ခဲ့သည်။ အဆောက် အအုံအမိုးပိုင်းကို တရုတ်အင်ဂျင်နီယာများနှင့် မြန်မာအင်ဂျင်နီယာများပူးပေါင်း ဆောက်လုပ်သွားမည်ဖြစ်သည်။ အမိုးမှာ ၂ ဒသမ ၅ မီလီမီတာထုရှိသည့် အလူမီနီယံအမျိုးအစားကို အသုံးပြုမည်ဖြစ်သည်။

အဆင့်မြင့်ဘောလုံးကွင်း မြေညီထပ်မှာ ၄၅၆၉၀ စတုရန်းမီတာ ကျယ်ဝန်းပြီး ထိုအထပ်တွင်ပွဲကြည့်စင်၊ ရုံးခန်း၊ ဆေးကုသခန်း၊ ဝတ်စုံလဲခန်း၊ ဧည့်ခန်း၊ စားသောက်ဆိုင်၊ ရေချိုးခန်း၊ အားကစားလေ့ကျင့်ခန်း စသည်ဖြင့် အခန်းပေါင်း ၅၆ ခန်းပါဝင်သည်။

ပထမထပ်မှာ ၉၂၀၀ စတုရန်းမီတာ ကျယ်ဝန်းပြီး ထိုအထပ်တွင်လည်း ရုံးခန်း၊ ရေချိုးခန်း၊ စားသောက်ခန်း စသည်ဖြင့် ၂၈ ခန်း ပါဝင်သည်။ ဒုတိယအထပ်မှာ ၂၃၀၀ စတုရန်းမီတာ ကျယ်ဝန်းပြီး ထိုအထပ်တွင်လည်း စီစီတီဗွီခန်း၊ ထိန်းချုပ်ခန်း၊ တီဗွီခန်း၊ ရေဒီယိုခန်း၊ အလင်းရောင်နှင့် အသံထိန်းချုပ်ခန်း စသည်ဖြင့် အခန်း ၁၂ ခန်းပါဝင်သည်။ အထပ်သုံးထပ်တွင် စုစုပေါင်းအခန်း ၉၆ ခန်းပါဝင်ဖွဲ့စည်း တည်ဆောက်ထားသည်။ မန္တလေးနှင့် ဇမ္ဗူသီရိ (နေပြည်တော်) ဘောလုံးကွင်းကိုလည်း ဇေယျာသီရိ အဆင့်မြင့်ဘောလုံးကွင်းနှင့် ပုံစံတူ တည်ဆောက်သွားမည်ဖြစ်သည်။

အဆင့်မြင့် ဘောလုံးကွင်းကြီး ပြီးစီးပါက အားကစားပရိသတ်များ ကြည့်ရှုရန် နေရာအခက်အခဲများမရှိ အဆင့်မြင့်စွာ အားပေးကြည့်ရှုနိုင်မည့်အပြင် Coffee & Snack ခန်းများ၊ အရောင်းဆိုင်ခန်းများလည်း ထည့်သွင်းတည်ဆောက်ထားသည်။ ကားပါကင်ထည့်သွင်းတည်ဆောက်ပေးထားခြင်းကြောင့် ယာဉ်များထားရန် နေရာအခက်အခဲမရှိ စိတ်ချစွာဖြင့် သက်သောင့်သက်သာ ကြည့်ရှုအားပေးနိုင်မည်ဖြစ်သည်။

၂၀၁၃ခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများ လက်ခံကျင်းပနိုင်ရန် ရည်ရွယ်တည်ဆောက်သည့် အဆင့်မြင့်ဘောလုံးကွင်းကြီးများ ဆောက်လုပ်မှုပြီးစီးပါက ပြည်တွင်း၊ ပြည်ပအားကစားပွဲများကိုလည်း လက်ခံကျင်းပသွားနိုင်မည်ဖြစ်ပြီး မြန်မာ့အားကစား အဆင့်အတန်းသည်လည်း ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း ပြည်သူများသို့ ပြန်လည်တင်ပြလိုက်ပါသည်။ ။

ဝန်ကြီး ဦးခင်မောင်မြင့် BOT နှင့် လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်သည့် ကုမ္ပဏီများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲ တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဇန်နဝါရီ ၂၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသော BOT အဖွဲ့ ၃၅ ဖွဲ့နှင့် လမ်း၊ တံတား တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်သည့် ကုမ္ပဏီအဖွဲ့ ၁၂၆ ဖွဲ့ စုစုပေါင်း ၁၆၁ ဖွဲ့တို့နှင့် တွေ့ဆုံသည့် အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားရာ၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းပိုင် လမ်းများတွင် လမ်းပိုင်းအလိုက် တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများသည် လမ်း၊ တံတားများကို စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရေး၊ BOT စနစ်ဖြင့် လမ်း၊ တံတားအသုံးပြုခ ကောက်ခံလျက်ရှိသော ဂိတ်များကလည်း မော်တော်ယာဉ်များကို သတ်မှတ်ထားသည့် တန်ချိန်အတိုင်း တင်ဆောင်၍ သတ်မှတ်ထားသည့် ဂိတ်ကြေးကောက်ခံပြီး ဖြတ်သန်းခွင့်ပြုရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ အဓိကကျသည့် လမ်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးအတွက် လူအင်အား၊ စက်ယန္တရားအင်အားများဖြင့် အင်တိုက်အားတိုက် နေ့၊ ည လုပ်ငန်းများ ဆောင်ရွက်သွားရေး၊ လမ်း၊ တံတားများ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် တိုးတက်ကောင်းမွန်စေရေးအတွက် ပြည်သူများ၊ အဖွဲ့အစည်းများ၊ BOT နှင့် လမ်း၊ တံတား လုပ်ငန်းဆောင်ရွက်နေသည့် ကုမ္ပဏီများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ လိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်များကို အကျယ်တဝင့် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးတင့်ဆွေနှင့် ဦးမြင့်သိန်းတို့က လမ်း၊ တံတားဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများ၊ နည်းပညာရပ်ပိုင်းဆိုင်ရာ သတ်မှတ်ချက်များ၊ စံချိန်စံညွှန်းပုံစံ သတ်မှတ်ချက်၊ လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် လုပ်ငန်းစီမံချက်များရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်တို့ကို ရှင်းလင်းပြောကြားကြသည်။

ဆွေးနွေးညှိနှိုင်း

ယင်းနောက် အထူးအရာရှိ သူရဦးစိန်သောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းနှင့် ဒုတိယဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများက ကုမ္ပဏီများ လိုက်နာဆောင်ရွက်ရမည့် ဘဏ္ဍာငွေ သုံးစွဲမှုအခြေအနေ၊ လမ်းခင်းပစ္စည်းများ၊ စက်ယာဉ်ယန္တရားများ စုဆောင်းထားရှိမှုအခြေအနေ၊ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေနှင့် လုပ်ငန်းများသတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းကြသည်။

ဆက်လက်၍ ဒုတိယအင်ဂျင်နီယာချုပ် ဦးထွန်းသာက တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ BOTနှင့် လမ်း၊ တံတားလုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီများက တာဝန်ယူဆောင်ရွက်သော လမ်း၊ တံတားလုပ်ငန်းများ အခြေအနေကို လည်းကောင်း၊ အင်ဂျင်နီယာမှူးကြီး ဒေါ်လှလှသွယ်က ယနေ့ခေတ်မော်တော်ယာဉ်များနှင့် မြန်မာနိုင်ငံလမ်းများ အခြေအနေနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် BOT နှင့် လမ်း၊ တံတား လုပ်ကိုင်ဆောင်ရွက်နေသော ကုမ္ပဏီများမှ တာဝန်ခံများက မိမိတို့ လုပ်ကိုင်ဆောင်ရွက်နေသည့် လမ်းအပိုင်းများ တိုးတက်ပြုပြင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အထူးအသက်မွေးသင်တန်းများ ဖွင့်လှစ်မည်

ရန်ကုန် ဇန်နဝါရီ ၂၆

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုန်)နှင့် အင်္ဂလန်နိုင်ငံ Confederation of Tourism and Hospitality (CTH) အသိအမှတ်ပြု Asia Masters ဟိုတယ်သင်တန်းကျောင်းသည် ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်ရှာဖွေလိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်းငယ် လုပ်လိုသူများအတွက် အထူးအသက်မွေး သင်တန်းတစ်ခုကို ဖေဖော်ဝါရီ ၄ ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။ သင်တန်းအမျိုးအစားအနေဖြင့် အလုပ်အကိုင် ရှာဖွေလိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူများအတွက် နှစ်လ Certificate သင်တန်းများနှင့် နိုင်ငံတကာ အသိအမှတ်ပြု CTH Hotel Management Diploma နှင့် Advanced Diploma for Hotel Management များအတွက် တစ်နှစ်သင်တန်းများဟူ၍ နှစ်မျိုးပါဝင်သည်။

နှစ်လ Certificate သင်တန်းများတွင် ဟိုတယ်စားဖိုမှူး၊ ဘားဝန်ထမ်း၊ စားပွဲထိုး၊ ဧည့်ကြိုနှင့် လေယာဉ်မယ်၊ အိပ်ခန်းဆောင်ထိန်း၊ အဲယားကွန်းကျွမ်းကျင်၊ အရောင်းနှင့်ငွေကိုင်ဝန်ထမ်း သင်တန်းဟူ၍ သင်တန်း ခုနစ်မျိုးပါဝင်သည်။ Certificate သင်တန်းများအတွက် အသက်အရွယ်မရွေး၊ ကျား၊မ မရွေး၊ ပညာအရည်အချင်းမရွေး တက်ရောက်နိုင်သည်။

တစ်နှစ် CTH Diploma in Hotel Management သင်တန်းမှာ အင်္ဂလန်နိုင်ငံ CTH အသိအမှတ်ပြုဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ ဟိုတယ်ကြီးများ၊ စားသောက်ဆိုင်ကြီးများတွင် မန်နေဂျာဖြစ်လိုသူများ တက်ရောက်သင့်သည့် သင်တန်းဖြစ်သည်။ ဘာသာရပ် ၁၀ မျိုးပါဝင်ပြီး တစ်နှစ်တွင် စာမေးပွဲသုံးကြိမ်ရှိသည်။ စာမေးပွဲများကို ဇန်နဝါရီ၊ ဇွန်နှင့် စက်တင်ဘာလများတွင် ကျင်းပပြီး မိမိပိုင်နိုင်သည့် ဘာသာရပ်များကို စိတ်ကြိုက်ဖြေဆိုနိုင်သည်။ ပညာအရည်အချင်းမရှိပါကလည်း လုပ်ငန်းအတွေ့အကြုံရှိသူများ တက်ရောက်နိုင်သည်။ Diploma သင်တန်းပြီးဆုံးပါက Advanced Diploma သင်တန်းတစ်နှစ်ကို မြန်မာနိုင်ငံတွင် ဆက်လက်တက်ရောက်နိုင်သည်။ နောက်ဆုံးနှစ် ဘွဲ့ယူရန်အတွက် နိုင်ငံတကာ တက္ကသိုလ်များတွင် ဆက်လက်တက်ရောက်နိုင်သည်။

Asia Masters သည် မြန်မာနိုင်ငံတွင် ပထမဆုံး ဘက်စုံဖွံ့ဖြိုးရေးသင်တန်း တစ်ခုဖြစ်ပြီး သင်တန်းတစ်ခု တက်ရောက်သူတိုင်းကို အင်္ဂလိပ်၊ တရုတ်ဘာသာစကား၊ ကွန်ပျူတာအခြေခံနှင့် အင်တာနက်၊ ကိုယ်ကာယအလှ သင်တန်း၊ ယူနီဖောင်းနှင့် ရန်ကုန်မြို့တွင်း ဟိုတယ်နှင့် စားသောက်ဆိုင်များ လေ့လာရေးခရီး အလုပ်အကိုင် သတင်းအချက်အလက်တို့ကို အခမဲ့ ထည့်သွင်းပေးထားသည်။ မြန်မာနိုင်ငံ ဟိုတယ်စားသောက်ဆိုင်များအပြင် ယူအေအီး၊ ကာတာ၊ ကူဝိတ်၊ ဆော်ဒီ၊ အိုမန်၊ ဘာရိန်း၊ မလေးရှားနှင့် စင်ကာပူနိုင်ငံများမှ ဟိုတယ် SOP များအတိုင်း သင်ကြားပေးသဖြင့် အလုပ်အကိုင်အတွက် ပြင်ဆင်ထားပြီးဖြစ်သည်။

အသေးစိတ်သိလိုပါက ဖုန်း -၃၇၉၃၁၁၊ ၃၉၁၃၇၈၊ လိုင်းခွဲ - ၇၁၅၊ Email အမှတ် kml 1983 .a @ gmail.com သို့လည်းကောင်း၊ website အမှတ် www. asiamasters. org တွင်လည်းကောင်း စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့ ရွှေဆံတော်ရပ်ကွက် အခြေခံပညာ မူလတန်းကျောင်း၌ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုနှင်းသဘင် အခမ်းအနားနှင့် ပညာရေး စုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ ငါးနှစ်ဆက်တိုက် ထူးချွန်ဆုရရှိသော ပဉ္စမတန်းကျောင်းသား မောင်မျိုးမင်းခန့်အား ကျောင်းအုပ်ဆရာကြီး ဦးလှဦး ဆုချီးမြှင့်စဉ်။

(၃၄၂)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၇-၁-၂၀၁၁ (ကြာသပတေးနေ့)

[၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၈) ရက်၊ ဥပုသ်နေ့]

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈း၁၀ ၇။ အကပဒေသာ
- ၈း၂၀ ၈။ အတီးပြိုင်ပွဲ
- ၈း၃၀ ၉။ "မနိုင်သောအရှုံး"
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄း၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
- ၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၀၀ ၆။ "ငှက်တစ်သောင်း"
- ၅း၁၅ ၇။ တေးဂီတအစီအစဉ်
- ၅း၃၀ ၈။ "သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်" (Electricity)
- ၅း၄၅ ၉။ "တိုးတက်ဖြစ်ထွန်းလာသော သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးကွန်ရက်"
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ **ပျော်ရွှင်စေသော နေ့ရက်များ "အချစ်ကော်ဖီ" (အပိုင်း-၃၉) (ကိုလင်း၊ ရွှေပန်းချီ၊ ယုဇနဗိုလ်မြင့်၊ ရဲရဲယု) (ဒါရိုက်တာ-အောင်ကျော်သူရ)**
- ၆း၄၀ ၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ဒုတိယတွဲ) (အပိုင်း-၅)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ "အစာလည်းဆေး၊ ဆေးလည်းအစာ" **(အပိုင်း-၁၁)**
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ကြမ္မာ" (အပိုင်း-၂၂)**
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသောမေတ္တာ" (အပိုင်း-၃၁)**
- ၂၁။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်း တရားတော်
- ၂၂။ အစီအစဉ်ပြီး၏။

ကျန်းမာရေးအသိပညာပေး ဟောပြောပွဲ ညောင်လေးပင်မြို့၌ ကျင်းပ

ညောင်လေးပင် ဇန်နဝါရီ ၂၆

ညောင်လေးပင်မြို့နယ် သားဖွားမီးယပ်လက်ထောက်ဆရာဝန် ဒေါက်တာစန်းစန်းယုနှင့် ပုဇွန်မြောင်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူးနှင့် ဝန်ထမ်းများသည် ပျဉ်ရေကြီးကျေးရွာ၌ ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေး စောင့်ရှောက်ခြင်းနှင့် အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၃ ရက်က ကျင်းပရာ ဒေါက်တာ စန်းစန်းယုက ကိုယ်ဝန်ဆောင်မိခင်များ အန္တရာယ်ကင်းစွာ မွေးဖွားနိုင်ရေး၊ မိခင်သေဆုံးမှုနှုန်း လျော့နည်းရေး၊ တစ်နှစ်အောက် ကလေးသေဆုံးနှုန်း လျော့နည်းရေးတို့အတွက် အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

(၅၆၈)

စက်မှု(၁) မောင်မြန်မာ စက်ဘီးစီးပြိုင်ပွဲ မြင်းခြံမြို့၌ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၆

အမှတ်(၁) စက်မှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသော စက်မှု(၁) မောင်မြန်မာ အမျိုးသား၊ အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် မြင်းခြံမြို့ မဏ္ဍကဥ္စနာခန်းမ၌ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။

ရှေးဦးစွာ နံနက် ၆ နာရီ မိနစ် ၂၀ တွင် အမျိုးသားစက်ဘီးစီးပြိုင်ပွဲကို မလှိုင်မြို့နယ် ပန်းအိုင်ကျေးရွာစုရပ်၌ မြင်းခြံခရိုင်ဥက္ကဋ္ဌ ဦးလှမိုးက လည်းကောင်း၊ အမျိုးသမီးစက်ဘီးစီးပြိုင်ပွဲကို တောင်သာမြို့နယ် ရုံးစည်ကြီးကျေးရွာစုရပ်၌ တောင်သာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်မွှေးမွှေးကိုက လည်းကောင်း သေနတ်ပစ်ဖောက် တာလွှတ်ပေးကြပြီး မြင်းခြံမြို့ မဏ္ဍကဥ္စနာခန်းမရှေ့၌ ပန်းဝင်ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို မြင်းခြံမြို့ မဏ္ဍကဥ္စနာခန်းမ၌ ဆက်လက်ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက အမှာစကားပြောကြားသည်။

ယင်းနောက် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ရာ ဝန်ကြီး ဦးအောင်သောင်းက အမျိုးသား၊ အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲတို့တွင် ပထမဆုရရှိကြသူများအား ဆုငွေကျပ်ငါးသိန်းစီ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများက အမျိုးသား၊ အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲတို့တွင် ဒုတိယနှင့် တတိယဆုရရှိကြသူများနှင့် ကျန်ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ပါဝင်ယှဉ်ပြိုင်

ယနေ့ကျင်းပသည့် စက်ဘီးစီးပြိုင်ပွဲတွင် အမျိုးသား ၁၄၁ ဦးနှင့် အမျိုးသမီး ၄၄ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး စုစုပေါင်း ဆုချီးမြှင့်ငွေမှာ ငွေကျပ် ၅၄ သိန်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း စက်မှု(၁) မောင်မြန်မာ အမျိုးသား စက်ဘီးစီးပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အခြေခံ ပန်းအလှပြင်သင်တန်း အမှတ်စဉ် (၁/၂၀၁၁) ဖွင့်ပွဲ အခမ်းအနားကို နေပြည်တော်ခရိုင် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အခြေခံ ပန်းအလှပြင်သင်တန်း အမှတ်စဉ်(၁/၂၀၁၁)ဖွင့်လှစ်

နေပြည်တော် ဇန်နဝါရီ ၂၆

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အခြေခံ ပန်းအလှပြင်သင်တန်း အမှတ်စဉ် (၁/၂၀၁၁) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၄ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ခရိုင် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာသော်က အဖွင့်အမှာစကားပြောကြားပြီး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့်အတူ သင်တန်းပို့ချမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါ သင်တန်းကို မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၏ မိသားစုဝင်ငွေတိုးလုပ်ငန်းအတွက် ရည်ရွယ်၍ ဇန်နဝါရီ ၂၄ ရက်မှ ၂၈ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး နေပြည်တော်ခရိုင်အတွင်းရှိ မြို့နယ်များမှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ သင်တန်းသား၊ သင်တန်းသူများနှင့် စိတ်ပါဝင်စားသူများ စုစုပေါင်း ၆၀ တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Global Group (Myanmar) မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ဖြူဖြူဝင်း Peace Myanmar Electric Co., Ltd. မှ Executive Director ဦးခင်မောင်မြတ်ထံ ISO 9001: 2008 Certificate ကို ပေးအပ်စဉ်။

(သတင်းစဉ်)

Peace Myanmar Electric Co., Ltd. ISO 9001: 2008 Certificate ရရှိ

ရန်ကုန် ဇန်နဝါရီ ၂၆

England Base Global Group မှ Peace Myanmar Electric Co., Ltd. သို့ ISO 9001: 2008 Certificate ချီးမြှင့်သည့် အခမ်းအနားကို ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ Peace Myanmar Electric Co., Ltd. မှ Executive Director ဦးခင်မောင်မြတ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် Global Group (Myanmar) မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ဖြူဖြူဝင်းက ISO 9001: 2008 Certificate နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ England Base Global Group မှ Peace Myanmar Electric Co., Ltd. သို့ ချီးမြှင့်သည့် ISO 9001: 2008 Certificate အား Global Group (Myanmar) မှ မန်နေဂျင်း ဒါရိုက်တာက Peace Myanmar Electric Co., Ltd. မှ Executive Director ထံ ပေးအပ်သည်။

Peace Myanmar Electric Co., Ltd. သည် လေအေးပေးစက်၊ ရေစုပ်မော်တာပန့်တို့နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် ပထမဦးဆုံး ISO Certificate ရရှိသည့် ကုမ္ပဏီဖြစ်သည်။ ကုမ္ပဏီ၏ သက်တမ်းမှာ (၁၇)နှစ်ရှိပြီး Customer များ၏လိုအပ်ချက် အပြည့်အဝရရှိရေးနှင့် အကောင်းဆုံးဝန်ဆောင်မှုနှင့်အတူ အရည်အသွေးမီသော ကုန်ပစ္စည်းများကို အဓိက ဖြည့်ဆည်းဆောင်ရွက်ခဲ့သည်။ ထို့ပြင် Airconditioner နှင့် Electric Products ဖြစ်သည့် Transmission & Distribution Products, Industrial Electrical Products, Hardware Products, IT Products နှင့် Visual Image Products များကိုလည်း ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

Peace Myanmar Electric Co., Ltd. နှင့် ဆက်သွယ်လိုပါက ရုံးချုပ် အမှတ် (၁၃၇/၁၃၉) ဗိုလ်တထောင်ဘုရားလမ်း ဗိုလ်တထောင်မြို့နယ် ဖုန်း- ၂၀၂၁၁၇၊ ဆားဗစ်စင်တာ အမှတ် (၃/၅၈) River View Garden Housing, ကမ်းနားလမ်း အလုံမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၂၁၆၇၇၈၊ ၂၁၂၄၀၇ နှင့် ၂၂၅၄၄၆ တို့ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် အမှတ်(၁၄)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ ခြင်ဆေးများပက်ဖျန်းခြင်း၊ ခြင်ထောင်ဆေးစိမ်ခြင်းနှင့် ဖုံး၊သွန်၊လဲ၊စစ် လုပ်ငန်းများကို ဇန်နဝါရီ ၁၉ ရက်က ကျန်းမာရေးဝန်ထမ်းများ၊ စည်ပင်သာယာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ကြစဉ်။ (၄၉)

မီးလောင်မှုလျော့နည်းကျဆင်းစေရန်

(က) မီးသုံးစွဲလျှင် အမြဲသတိရှိပြီး လူစောင့်ထားပါ။

(ခ) မီးဖိုအနီးတွင် လောင်စာနှင့်လောင်စာဆီများ မထားပါနှင့်။

(ဂ) မီးဖိုများကို မြေကျင်းတူး၍ စနစ်တကျအသုံးပြုပါ။

(ဃ) ကလေးသူငယ်များကို မီးမဆော့ပါစေနှင့်။

(င) မီးခွက်၊မီးအိမ်၊ ဖယောင်းတိုင်များကို ထရံအနီး၊ ခြင်ထောင်အနီးတွင် မထွန်းပါနှင့်။

(စ) တောမီးလောင်မှုကြောင့် အဆောက်အအုံများကို မီးကူးစက်လောင်ကျွမ်းခြင်း မခံရအောင် ရွာပတ်ဝန်းကျင်တွင် လုံလောက်သော မီးတားလမ်းများ စနစ်တကျပြုလုပ်ထားပါ။

(ဆ) လူနေအိမ်ခြေနှင့် ကပ်လျက်ကောက်ရိုးပုံ၊ ပြောင်းပုံများစုမထားပါနှင့်။

(ဇ) ဓာတ်ဆီရောနှောထားသော ရေနံဆီများကို မီးမထွန်းပါနှင့်၊ မီးလည်း မမွှေးပါနှင့်။

(ဈ) ကောက်ရိတ်သိမ်းချိန်တွင် လယ်ကွင်းအတွင်း၌ ဆေးလိပ်သောက်ခြင်း၊ မီးကိုအသုံးပြုခြင်းမလုပ်ပါနှင့်။

(ည) အမဲလိုက်၊ ထင်းခွေသူများ ဆေးလိပ်မီးကို အရမ်းပစ်ခြင်းမပြုလုပ်ပါနှင့်။

(ဋ) ဟိုတယ်၊ မိုတယ်၊အင်း၊တည်းခိုခန်း၊ စားသောက်ဆိုင်နှင့် လုပ်ငန်းများတွင် ထိရောက်သော မီးဘေးကာကွယ်ရေးပစ္စည်းများကို လုံလောက်စွာထားရှိပါ။

(ဌ) မြို့/ရပ်ကွက်၊ ကျေးရွာများအလိုက်အပေါ့စားမီးသတ်စက်များ၊ မီးသတ်ကန်များ၊ မီးငြှိမ်းသတ်ရေးပစ္စည်းကိရိယာများကို ကိုယ့်အားကိုယ်ကိုး ဝယ်ယူထားပါ။

မီးသတ်ဦးစီးဌာန။

ချောက်မြို့နယ် ညောင်နီကျင်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ ဖွင့်ပွဲကို ဒီဇင်ဘာ ၁၂ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဝွေးချို အထက ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ဟန်၊ ညောင်နီကျင်း ကျေးရွာအလကကျောင်းခွဲ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်မိုးခိုင်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်ပြန်/ဆက်)

ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ၁၉၈၁ ခုနှစ် ဘူမိဗေဒ ကျောင်းသား၊ ကျောင်းသူများ အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၂၆

ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ၁၉၈၁ ခုနှစ် ဘူမိဗေဒ ကျောင်းသား၊ ကျောင်းသူများ၏ နှစ် (၃၀)ပြည့် ပုလဲရတုနှင့် စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၅ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အမှတ် (၁၆၄/၁၆၈) ဝါးတန်းလမ်းရှိ Doreen Burger and Snacks ၌ ကျင်းပမည်ဖြစ်ရာ ကိုညီညီ ဖုန်း-၀၉-၅၀၁၉၆၄၃၊ ဇော်ဝင်းဦး ဖုန်း- ၀၉-၈၃၀၄၄၄၅၊ ၀၉-၅၄၅၄၄၄၅၊ ဗလကြီး ဖုန်း- ၀၉-၈၀၂၂၁၁၁၊ ရဲမြတ်စိုး ဖုန်း- ၀၉-၅၀၁၈၆၂၅၊ ကိုညွန့် ဖုန်း-၀၁၇-၂၅၇၃၆၊ မော်စီ ဖုန်း- ၀၉-၅၀၁၄၂၈၈၊ စောမြင့် ဖုန်း-၀၉-၅၀၀၇၉၃၀၊ ဝင်းမောင် ဖုန်း- ၀၉-၅၁၇၃၀၈၀၊ မျိုးညွန့်(မူတူး) ဖုန်း- ၀၉-၂၀၄၂၄၅၄၊ ကျော်ဝဏ္ဏ ဖုန်း- ၀၉-၅၀၄၂၁၈၆ နှင့် ညဏ်မင်းဒင် ဖုန်း- ၀၉-၅၁၈၂၆၆၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

မော်ကျွန်း၌ စံကွက်ရိတ်သိမ်း

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၂၆

မော်လမြိုင်ကျွန်းမြို့နယ် မိုးစပါး စံကွက်ရိတ်သိမ်းပွဲများကို ဒီဇင်ဘာ ၁၅ ရက်က မော်လမြိုင်ကျွန်းမြို့နယ် တယ်ချောင်း ကျေးရွာအုပ်စု ဂျုံးဂျုံးကျကျေးရွာ၌ ကျင်းပသည်။

ယင်းစံကွက်ရိတ်သိမ်းပွဲများသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးဌေးမောင်၊ စိုက်ပျိုးမြှင့် အဖွဲ့ဝင်များနှင့်အတူ ဒေသခံ တောင်သူ လယ်သမားများစုပေါင်း၍ မိုးစပါးစံကွက် ရိတ်သိမ်းကြသည်။

အဆိုပါ မိုးစပါးစံကွက်များမှ အထွက်နှုန်းရယူရာ တောင်သူ ဦးသိန်းရွှေ၏ ဆင်းသွယ်လတ်စပါး(ကောင်း)အဆင့်မှ တစ်ဧကအထွက်နှုန်း ၉၅ ဒသမ ၄၄ တင်း နှင့် တောင်သူဦးအေးနိုင်၏ နံ့ကားစပါး (ညွှံ့)အဆင့်မှ တစ်ဧကအထွက်နှုန်း ၆၄ ဒသမ ၂၃ တင်း ထွက်ရှိကြောင်း သိရသည်။

(၃၆၄)

ဝန်ကြီး ဦးဌေးဦး ကောက်ကွေ့မြောင်း၊ ယင်းတော်ကန်နှင့် နတ်ကာရေလှောင်တမံ ကြည့်ရှုစစ်ဆေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး နတ်ကာရေလှောင်တမံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးသည် ဇန်နဝါရီ ၂၂ ရက် နံနက် ၁၁ နာရီတွင် မိတ္ထီလာမြို့နယ် ကဖြူကွင်းအုပ်စုသို့ရောက်ရှိပြီး မိတ္ထီလာကန် ရေသောက်ဧရိယာအတွင်းရှိ ကောက်ကွေ့မြောင်းကို နုန်းဖယ်တူးဖော်ခြင်းနှင့် တူးမြောင်းအဆောက်အအုံများ အသေးစားပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးကိစ္စများ ဆွေးနွေးမှာကြားသည်။ ကောက်ကွေ့မြောင်းမှာ အရှည်ပေ ၁၂၀၀၀ ရှိပြီး တူးမြောင်းအဆောက်အအုံသုံးခုကို အသေးစားပြုပြင်ပြီးဖြစ်၍ စိုက်ပျိုးရေများအကျိုးရှိစွာ အသုံးပြုနိုင်မည်ဖြစ်သည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ပျော်ဘွယ်မြို့နယ် ယင်းတော်ရွာအနီးရှိ ယင်းတော်ကန်ကို ရေပိုမိုသိုလှောင်နိုင်ရန် ပြုပြင်ပြီးနောက်ပိုင်း ရေစီးဝင်မှုနှင့် ရေသိုလှောင်ထားရှိမှု အခြေအနေ၊ နွေစပါးအတွက် ရေပေးဝေမည့် အစီအစဉ်များ၊ ရေထိန်းမျှော်စင်၊ ရေထုတ်ပြွန်များနှင့် ကန်ပေါင်များ၏ ကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ယင်းတော်ကန်ကို ရေပိုမိုသိုလှောင်နိုင်ရန် ကန်ပေါင်အလျား ပေ ၂၄၁၀၀၊ အမြင့်ပေ ၂၀ အထိ ပြုပြင်ပြီး ရေ ၃၆၆၄ ဧကပေ သိုလှောင်နိုင်သည်။

နတ်ကာရေလှောင်တမံ

ဆက်လက်၍ ဝန်ကြီးသည် ပျော်ဘွယ်မြို့နယ် မဲဒီးကျေးရွာအနီး နတ်ကာချောင်းပေါ်၌ တည်ဆောက်နေသော နတ်ကာရေလှောင်တမံသို့ ရောက်ရှိပြီး ရှုရပ်မှ ကုန်းကျောတမံ မြေသားဖို့နေမှု၊ ရေဖျန်းပြီး မြေကြိတ်နေမှု၊ ပင်မတမံသပ်ကျင်း တူးဖော်နေမှု၊ စက်ယန္တရားကြီးများဖြင့် မြေဖို့ပြီး ရေဖျန်းခြင်း၊ မြေကြိတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဘီလပ်မြေ မှုတ်သွင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ ကျောက်များ စုဆောင်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အထောက်အကူပြု

နတ်ကာ ရေလှောင်တမံသည် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် မဲဒီးကျေးရွာအနီး နတ်ကာချောင်းပေါ်၌ ပင်မတမံ အလျားပေ ၃၂၀၀၊ ကုန်းကျောတမံပေ ၅၆၀၊ တမံအမြင့် ၈၅ ပေရှိ မြေသားတမံ အမျိုးအစားအဖြစ် တည်ဆောက်ကာ သိုလှောင်ရေ ဧကပေ ၁၁၃၀၀ ရှိပြီး ရေသောက်ဧရိယာ ဧက ၁၂၀၀ ရှိသည့် ရေလှောင်တမံဖြစ်သည်။ ရေလှောင်တမံတည်ဆောက်ပြီးစီးပါက နတ်ကာနှင့် ယင်းတော်ကြားရှိ မြေဧရိယာဧက ၁၂၀၀ ရေပေးဝေနိုင်မည်ဖြစ်သည့်အပြင် ယင်းတော်ကန်သို့လည်း ရေကူပေးနိုင်မည်ဖြစ်သည့်အတွက် ဒေသဖွံ့ဖြိုးရေးနှင့် စိမ်းလန်းစိုပြည်ရေးတို့ကို အထောက်အကူပြုစေမည် ဖြစ်သည်။

ထို့နောက် ဝန်ကြီးသည် ရေသောက်ဧရိယာအတွင်းရှိ ကျေးရွာများဖြစ်သော မဲဒီးရွာ၊ တောင်ဖီလာ၊ ဒဟတ်ကုန်း၊ စည်ပင်သာနှင့် ကျောင်းရွာတို့မှ ဒေသခံတောင်သူများနှင့်တွေ့ဆုံကာ လယ်ယာကဏ္ဍဖွံ့ဖြိုးမှု၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကိစ္စများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

နိုင်ငံ့ဂုဏ်ရည်စာပေတိုက်မှ စာအုပ်များထုတ်ဝေ

ရန်ကုန် ဇန်နဝါရီ ၂၆

၂၀၁၁ ခုနှစ်၏ မင်္ဂလာရှိသော နှစ်သစ်ဦးကာလ အခါသမယကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်ငံ့ဂုဏ်ရည်စာပေတိုက်မှ စာအုပ်ကောင်းများကို ထုတ်ဝေဖြန့်ချိလိုက်သည်။

မြင်းမူမောင်နိုင်မိုး၏ အလွမ်းသတင်း ပန်းတစ်ခင်းကဗျာများ

ကဗျာပေါင်းချုပ်စာအုပ်များဖြင့် အမျိုးသားစာပေဆု (၆)ကြိမ် တိုင်တိုင် ရရှိခဲ့ပြီးဖြစ်သော မြင်းမူမောင်နိုင်မိုး၏ ကဗျာပုဒ်ရေ ၉၀ ပါဝင်သော အလွမ်းသတင်း ပန်းတစ်ခင်း ကဗျာပေါင်းချုပ် စာအုပ်တွင် စာဆို၏ ဘဝခရီး တစ်လျှောက် တွေ့ကြုံရင်ဆိုင်ဖြတ်သန်းခဲ့ရသော ဘဝအတွေ့အကြုံများကို ပြန်လည်သုံးသပ်ရှုမြင်ခံစားခြင်း၊ အမိအဘ ဆွေမျိုးမိတ်သင်္ဂဟများနှင့် တကွ လုပ်ဖော်ကိုင်ဖက်၊ ရဲဘော်ရဲဘက်များအပေါ် ထားရှိသော မေတ္တာစိတ်ကို ဖော်ကျူးခြင်း၊ ပြည်ထောင်စုဖွား တိုင်းရင်းသားညီနောင်များအပေါ် ခိုင်မြဲသော သံယောဇဉ်ကိုလှစ်ဟခြင်း၊ လောကလူ့ဘုံကြုံလေသမျှ လောကတစ်ခွင်မြင်လေသမျှ အလှတရားတို့ဖြင့် ပြည့်ဝစေချင်သော စေတနာဆန္ဒမြွက်ဟခြင်း အစရှိသည့် ဘဝအမြင်၊ လောကအမြင်ကဗျာများကို မြန်မာကဗျာ ပီပီသသ ရသမြောက်စွာ သီကုံးဖွဲ့ဆိုထားသည်။ ဝူဖရီစက္ကူဖြူချောဖြင့် စာမျက်နှာ ၂၅၀ ခန့် ရောင်းဈေး ငွေကျပ် ၂၀၀၀ ဖြစ်သည်။

တင်မြင့်၏ ရှင်မတောင်မှ ရောဝတီသို့

ဤစာအုပ်သည် ၂၀၀၉ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆုပြိုင်ပွဲ ကျမ်းစာပေ၊ ပထမဆုရ စာအုပ်ဖြစ်သည်။ ပခန်းဒေသရှင်မတောင်နယ်မြေမှာ မွေးဖွားသော ဆင်းရဲချို့တဲ့လှသည့် ကလေးငယ်တစ်ဦး၏ ဘဝမှ ရိုးသားခြင်း၊ ကြိုးစားခြင်း၊ နိုးကြားခြင်း၊ တက်ကြွခြင်း၊ ရောင့်ရဲသည်းခံခြင်းတို့ဖြင့် ဘဝကိုတည်ဆောက်ဖြတ်ကျော်နိုင်သောအခါ လယ်ဧကများစွာ ပိုင်ဆိုင်သည့်လယ်ပိုင်ရှင် လယ်သမားကြီးတစ်ဦး ဖြစ်လာပုံ၊ နိုင်ငံခြားကုမ္ပဏီများနှင့်ယှဉ်နိုင်သော ဆန်စက်ပိုင်သူဌေးကြီးဖြစ်လာပုံ၊ အမျိုးဘာသာသာသနာကို မြတ်နိုးသော ဘုရားဒကာ၊ ကျောင်းဒကာ၊ သာသနာ့ဒါယကာကြီးဖြစ်လာခဲ့ပုံတို့ကို ယနေ့ လူငယ်များ စံပြုအတုယူဖွယ်ရာ ရေးသားပြုစုတင်ပြထားသည်။ အမျိုးသားစာပေဆုအပါအဝင် နိုင်ငံတော်မှ ချီးမြှင့်သော စာပေဆု ၁၈ ဆုရရှိပြီးသော စာရေးဆရာကြီးတင်မြင့်၏ ယခင်လက်ရာများအတိုင်း မြန်မာစာအရေးအသား ခိုင်ခိုင်ခန့်ခန့်၊ အဖွဲ့အနွဲ့ ယဉ်ယဉ်သန့်သန့်၊ စကားလုံး အသုံးအနှုန်း နုနုညံ့ညံ့ဖြင့် စာပေရနံ့ သင်းပျံ့မွှေးထုံစွာ လွမ်းခြုံခြယ်မှုန်းရေးဖွဲ့ထားသည်။ တန်ဖိုးငွေကျပ် ၁၂၀၀ ဖြစ်သည်။

နေမျိုးသန့်၏ မေတ္တာဘုံ သစ္စာလွှမ်းတယ် လွမ်းငြိမ့်ငြိမ့်အေး

အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့် ပခုက္ကူဦးအုံးဖေစာပေဆုများ ပိုင်ရှင် စာရေးဆရာကြီး နေမျိုးသန့်၏ ၂၀၀၈ ခုနှစ် စာပေဗိမာန်စာမူဆုပြိုင်ပွဲ ဝတ္ထုရှည်ပထမဆုရ စာအုပ်ဖြစ်သည်။ ကျောင်းဆရာတစ်ဦး၏ တပည့်များ အပေါ်ထားရှိသော စေတနာ၊ ဝါသနာနှင့် အနစ်နာခံမှုများ၊ လုပ်ဖော်ကိုင်ဖက် ဘဝတူများ အပေါ်ထားရှိသည့် သံယောဇဉ်တရား အစရှိသည်တို့ကို အခြေခံပြုလျက် လူမှုဘဝပတ်ဝန်းကျင်၏ အရှုပ်အထွေး၊ အတိမ်အနက်၊ အခက်အခဲများကို မေတ္တာတရားဖြင့် အောင်နိုင်ခဲ့ပုံတို့ကို လှပသိမ်မွေ့စွာ ဇာတ်လမ်းဖွဲ့ တင်ဆက်ထားပြီး ဆရာတိုင်း၊ တပည့်တိုင်း ဖတ်ရှုသင့်သော စာအုပ်ကောင်း တစ်အုပ်ဖြစ်သည်။ ရောင်းဈေး ငွေကျပ် ၁၂၀၀ ဖြစ်သည်။

ဝယ်ယူရရှိနိုင်

အထက်ပါစာအုပ်များကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) ၅၂၉/၅၃၁ ကုန်သည်လမ်း စာပေဗိမာန် အဆောက်အအုံ ရန်ကုန်မြို့ ဖုန်း-၃၇၄၅၃၂ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) သစ္စာလမ်းမကြီး ရန်ကင်းမြို့နယ် အလက(၁) ရန်ကင်းနှင့် ရန်ကင်းကြေးအိုးဆိုင်ကြား ဖုန်း-၇၂၅၅၃၀နှင့် တစ်ပြည်လုံးရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဆုချီးမြှင့်

၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၁ ရက်က အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း ပန်းဘဲတန်းမြို့နယ်၌ ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မအင်ကြင်းစံအား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်စန်းနွဲ့ ဆုချီးမြှင့်စဉ်။
(ပညာရေး)

မိုးကုတ်မြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၆

ပြင်ဦးလွင်ခရိုင် မိုးကုတ်မြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဇန်နဝါရီ ၅ ရက်တွင် အောင်နန်းရပ် ဘောလုံးကွင်း၌ ကျင်းပရာ ရွှေကူရပ်ကွက်ဘောလုံးအသင်းက ပတ္တမြားရပ်ကွက်ဘောလုံးအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးနေမျိုးဇော်က ပထမရရှိသွားသော ရွှေကူရပ်ကွက်ဘောလုံးအသင်းအား ပထမဆုဖလား၊ ဂုဏ်ပြုဆုငွေကျပ်နှစ်သိန်းနှင့် အလှူရှင်များက ငွေကျပ်ရှစ်သိန်းကိုလည်းကောင်း၊ ဒုတိယဆုရ ပတ္တမြားရပ်ကွက် ဘောလုံးအသင်းအား မြို့နယ်အား/ကာ အရာရှိ ဦးလင်းလင်းထွန်းက ဂုဏ်ပြုဆုဖလား၊ ဆုငွေကျပ်တစ်သိန်းနှင့် အလှူရှင် ဦးနေမျိုးဇော်က ငွေကျပ် တစ်သိန်းကို လည်းကောင်း ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၁၁ ခုနှစ် ဇန်နဝါရီလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)
(၃၀. ၁. ၂၀၁၁)ရက်နေ့

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလအတွက်
(၁၃-၂-၂၀၁၁) ရက်နေ့
နှင့်
(၂၇-၂-၂၀၁၁) ရက်နေ့

ဇီဝိတဒါန သံဃာ့ဆေးရုံကြီး ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်း မြို့နယ် ရန်ကုန်မြို့ ဆေးပဒေသာ ပင်အတွက် မြောက်ဥက္ကလာပမြို့(ခ) ရပ်ကွက် မြရတနာ(၁၀) လမ်းနေ ဦးခင်ဇော်(မြန်မာ့ရိုးရာ နဝင်းစီးပညာရှင်)-ဒေါ်စန်းညွန့်၊ သမီး ဒေါက်တာ တတိုင်းမွှေး (ကထိကသမိုင်းဌာန) မိသားစုက အလှူငွေကျပ်နှစ်သိန်းကို အဖွဲ့အတွင်းရေးမှူး(၁) ဦးဝင်းလွင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ဇီဝိတဒါန)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိကောင်းစရာများ ဆွေးနွေး

မုံရွာ ဇန်နဝါရီ ၂၆

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း သိကောင်းစရာများ ဆွေးနွေးတင်ပြခြင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မော်တော်ဆိုင်ကယ်စီးဦးထုပ်လှူဒါန်းခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက်က မုံရွာမြို့ မုံရွာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဇော်မိုးအေးက အမှာစကားပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း သိကောင်းစရာများ ဆွေးနွေးတင်ပြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စား တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသူရတင်လှနှင့် နေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်တို့က တက္ကသိုလ်၊ ကောလိပ်အသီးသီးမှ တာဝန်ရှိသူများထံသို့ မော်တော်ဆိုင်ကယ်စီးဦးထုပ်အလုံး ၂၀၀ အား ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မုံရွာတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဦးကျော်မြင့်သိန်းက ကျေးဇူးတင်စကားပြန်လည် ပြောကြားကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

အင်းစိန်မြို့နယ် အမှတ်(၆) အခြေခံပညာ အလယ်တန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကို ဒီဇင်ဘာ ၁၉ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးတီးမူက ဆဋ္ဌမတန်း တိုင်းဒေသကြီးအဆင့် သင်္ချာထူးချွန်ဆုရရှိသူ မောင်ရန်အောင်အား ဆုချီးမြှင့်စဉ်။ (ပညာရေး)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား ဂျပန်နိုင်ငံ Niigata University မှ Professor Mr. Makoto Naito လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဒေါက်တာကျော်မြင့်အား ဂျပန်နိုင်ငံမှ ဧည့်သည် လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၆

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား ဂျပန်နိုင်ငံ Niigata University မှ Professor Mr. Makoto Naito သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန(မြန်မာပြည်အလယ်ပိုင်း)နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လူတုပ်ကွေးရောဂါစောင့်ကြပ်ကြည့်ရှုမှု သုတေသနလုပ်ငန်းနှင့် စပ်လျဉ်း၍ တွေ့ရှိချက်များကို ရှင်းလင်းတင်ပြပြီး Molecular Biology နည်းပညာများ၊ အထူးသဖြင့် ခေတ်မီ Real time -Polymerase Chain Reaction (RT-PCR)၊ Sequencing နည်းပညာများနှင့် Virus Culture နည်းပညာများကို ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်အစီအစဉ်များ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

○ ကျောဖုံးမှ

ယခုအခါ ဒလမြို့တွင်း ရပ်ကွက်လမ်းများ၊ ရပ်ကွက်ချင်းဆက်လမ်းများ၊ ကျေးရွာအုပ်စုရှိလမ်းများ အပါအဝင် စုစုပေါင်းလမ်း ၇၀ ကို လမ်းအကျယ် ၁၂ ပေ၊ ဒု ခြောက်လက်မ၊ လမ်းအရှည် အားလုံးပေါင်း ၁၀ မိုင်ခန့်ကို ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်ပေးနိုင်ခဲ့သည်။ ဘိလပ်မြေသုံးစွဲမှုမှာ အိတ်ပေါင်းတစ်သိန်းခန့်ရှိသည်။

ခြုံငုံသုံးသပ်တင်ပြရလျှင် အုံ့ကြီးအနောက်ရပ်ကွက်နှင့် အုံ့ကြီးအရှေ့ရပ်ကွက်၊ သမတကမ်းခြေတို့အား ဆက်စပ်ပေးသည့် အနော်ရထာလမ်းအား ကွန်ကရစ်လမ်းအဖြစ် ပေ ၈၀၀၀၊ အောင်မင်္ဂလာရပ်ကွက်နှင့် မြို့မ(၄) ရပ်ကွက်ဆက်စပ်ပေးသည့် အောင်မင်္ဂလာ(၁)လမ်းအား ပေ ၁၅၀၀ ကွန်ကရစ်လမ်း၊ ဗိုလ်ရန်ပြေရပ်ကွက်၊ ကမာကသွယ်ရပ်ကွက်၊ စက်မြေရပ်ကွက်၊ ကမာကဆစ်ရပ်ကွက်၊ မှော်စက်ရပ်ကွက်၊ ဝန်ထမ်းအိမ်ရာ ရပ်ကွက်များအား ဆက်သွယ်ပေးသည့် ဗိုလ်ဥတ္တမလမ်းအား ပေ ၁၀၀၀၀ ရှိ ကွန်ကရစ်လမ်း၊ ဘုရင့်နောင်ရပ်ကွက်၊ တပင်ရွှေထီးရပ်ကွက်၊ ကျန်စစ်သားရပ်ကွက်များအား ဆက်သွယ်ပေးသည့် ဆင်ဖြူရှင်လမ်းအား ပေ ၇၀၀၀ ရှည် ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်ဆောင်ရွက်ပေးသကဲ့သို့ နိဗ္ဗာန်လမ်းကိုလည်း ပေ ၄၀၀၀ ရှည် ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးခဲ့သည်။

ဒလမြို့အတွင်းရှိ ရပ်ကွက်လမ်းများ၊ ရပ်ကွက်ချင်းဆက်လမ်းများကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်ပေးနိုင်သကဲ့သို့ ဒလမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများတွင်လည်း ရွာချင်းဆက်လမ်းများ၊ တံတားများကို အဆင့်မြှင့်တင်ပေးနိုင်ခဲ့သည်။

တင်ပြရလျှင် ပျော်ဘွယ်ကြီးကျေးရွာ၊ ရွှေလှေချောင်းကျေးရွာ၊ သမ္ဗာန်ချောင်းကျေးရွာများအား တစ်ရွာနှင့်တစ်ရွာ ရွာချင်းဆက်လမ်းအဖြစ် အကျယ် ၁၂ ပေ၊ လမ်းအရှည်ပေ ၆၀၀၀ ရှိ ကျောက်ချောကတ္တရာလမ်းသစ် ဖောက်လုပ်ပေးနိုင်သကဲ့သို့ ရခိုင်ချောင်(တောင်)ကျေးရွာနှင့် ရခိုင်ချောင်(မြောက်)ကျေးရွာဆက်လမ်းသစ်ကို အကျယ် ၁၂ ပေ၊ ဒု ခြောက်လက်မ၊ လမ်းအရှည်ပေ ၆၀၀၀ ရှိ ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ အထက်ပါ ရွာနှစ်ရွာတွင်လည်း ရွာချင်းဆက်စပ် အကျယ် ၂၁ ပေ၊ အရှည်ပေ ၈၀ ရှိ သံကူကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ပေးခဲ့သည်။

ခနောင်ကျေးရွာအုပ်စုမှ ရွာခုနစ်ရွာအား ဆက်သွယ်ပေးနိုင်သည့် လမ်းသစ်အား ငါးမိုင်ရှည်ဖောက်လုပ်ပေးပြီး နွေ၊ မိုး၊ ဆောင်း သွားလာနိုင်ရန် မြေသားအမာခံလမ်း(တောင်မြေ) ခင်းကျင်းပေးခဲ့သည်။

ယခင်က ဒလမြို့သို့ ခနောင်ကျေးရွာအုပ်စု ကျေးရွာများမှ ရေလမ်းခရီးဖြင့်သာ သွားလာရသည့်အပြင် ထိုခရီးကို နှစ်နာရီခန့် သွားရသည်။ ရေအနေအထားကိုကြည့်၍ သွားလာရသဖြင့် နှစ်နာရီခရီးထက် ကြာညောင်းသည်ရှိသော်လည်း ယခုအခါ လမ်းသစ်ဖောက်လုပ်ထားပြီဖြစ်၍ မိနစ် ၂၀-၂၅မိနစ်အတွင်း အချိန်မရွေး သွားလာနိုင်ပြီဖြစ်သည်။ခနောင်ကျေးရွာတွင် အကျယ် ၂၁ ပေ၊ အရှည် ပေ ၄၀ ရှိ သံကူကွန်ကရစ်တံတားကိုလည်းတည်ဆောက်ပေးခဲ့သည်။

ဒလမြို့နေရာအချို့တွင် ဆိုက်ကားကအစ ဝင်ထွက်ရန် လမ်းသားမရှိ၍ လမ်းမလျှောက်နိုင်သော လူနာများ ဆေးရုံ၊ ဆေးခန်းသွားလိုပါက ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ အကူအညီရယူခဲ့ရမှုများ ယခုအခါ ချုပ်ငြိမ်းသွားသည်။ ထို့အပြင် ရာသီမရွေးကျန်းမာရေးလိုက်စားသော သက်ကြီးရွယ်အိုများ ကွန်ကရစ်လမ်းပေါ်၌ နံနက်စောစော ကိုယ်လက်လှုပ်ရှားသွားလာနေသည်ကိုပါ တွေ့မြင်နေရပါကြောင်း ဝမ်းမြောက်ဝမ်းသာ တင်ပြလိုက်ရပါသည်။ ။

လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရန် အသစ်ခင်းပေးထားသော ဒလမြို့၏ နိဗ္ဗာန်လမ်းမကြီးကို ဤသို့ တစ်မျှော်တစ်ခေါ် တွေ့ရသည်။

၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

☆ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

☆ နှစ်ပေါင်းထောင်ချီ၍ ဥမကွဲ သိုက်မပျက် ဖြစ်ထွန်းလျက်ရှိသည့် နိုင်ငံတော်ကြီးကို ပြည်ထောင်စုကြီးအဖြစ် အရှည်တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှု စွမ်းပကားဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

မစ္စတာ မီလန် ဆက်ဒ်လာဇက်ခ်အား ချက်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီ

နေပြည်တော် ဇန်နဝါရီ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ချက်သမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် မစ္စတာ မီလန် ဆက်ဒ်လာဇက်ခ်အား ခန့်အပ်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ မီလန် ဆက်ဒ်လာဇက်ခ်သည် ၁၉၆၀ ခုနှစ် စက်တင်ဘာ ၁၂ ရက်တွင် ဘာနိုမြို့၌ မွေးဖွားခဲ့ပြီး မာဆာရစ်ခ်တက္ကသိုလ် အနုပညာကျောင်းမှ ပါရဂူဘွဲ့ရရှိခဲ့သည်။ ၎င်းသည် ၁၉၈၅ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ ရုပ်ရှင်စတူဒီယိုများ၊ အစိုးရဇာတ်ရုံများနှင့် ခရိုင်ပြည်သူ့ကော်မတီရုံးတို့၌ ရာထူးအမျိုးမျိုးဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၁၉၉၃ ခုနှစ်မှ ၂၀၀၁ ခုနှစ် အထိ ဩစတြီးယားနိုင်ငံနှင့် ရုရှားနိုင်ငံတို့ရှိ ချက်နိုင်ငံယဉ်ကျေးမှုစင်တာများတွင် ညွှန်ကြားရေးမှူးအဖြစ် လည်းကောင်း၊ ၂၀၀၁ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ ချက်နိုင်ငံ ယဉ်ကျေးမှုစင်တာများဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း၊ ၂၀၀၃ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ကာဇက်စတန်နိုင်ငံနှင့် ကာဂျစ်စတန်နိုင်ငံဆိုင်ရာ ချက်နိုင်ငံသံအမတ်ကြီးအဖြစ် လည်းကောင်း၊ ၂၀၀၇ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၀၉ ခုနှစ်မှစ၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ မီလန် ဆက်ဒ်လာဇက်ခ်သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ရုံးစိုက်နေထိုင်လျက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သမီးတစ်ဦးရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၁-၂၀၁၁ (ကြာသပတေးနေ့)

AM & PM

၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဇေဂ္ဂသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ “ဝိပဿနာကျင့်စဉ်” တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ)
၆:၄၀ အံ့ဖွယ်ထူးခြားဖြစ်စဉ်များနှင့် ဖူးမဝတဲ့ဆံတော်ရှင်ဦးဇိနစေတီ
၆:၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လောကဝက်ပါ” (အပိုင်း-၁၄၆)**
၇:၃၀ MRTV-4 သတင်း
၈:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အရိပ်စစ်” (အပိုင်း-၁၁၃)**
၈:၄၀ ဒါနပါရမီဖြည့်နိုင်မှာ ကောင်းမှုတော်စေတီမဟာ
၉:၀၅ သူတို့ဓလေ့နှင့်သူတို့အစဉ်အလာ (သဲတောမြို့မှအလှူမင်္ဂလာ)
၉:၂၀ ရည်စူးကာကုသိုလ်ယူ သျှာမ်းကျောင်းတိုက်ရဲ့ ငွေရတုအလှူ
၉:၃၅ Science For All (သင်နေမယ့်တိုက်ခန်းဟာ ဘယ်လိုတိုက်ခန်းမျိုး ဖြစ်သင့်သလဲ) (အပိုင်း-၂) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကျော်သူလင်း)
၁၀:၁၀ ရန်ကုန်မြင်ကွင်းကျယ် (ကလေးများနေ့အထိမ်းအမှတ် Horizon ကျောင်း၏ပျော်ပွဲရွှင်ပွဲ)
၁၀:၁၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀:၄၀ ရန်ကုန်မြင်ကွင်းကျယ် (ဝေဌာနီဆေးရုံကြီး၏ မြန်မာပြည်ရုံးခွဲဖွင့်ပွဲအခမ်းအနား)
၁၁:၀၀ မျိုးသိန်းအီလက်ထရွန်နစ်နှစ်(၂၀)ပြည့်အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ
၁၁:၁၀ Device Business Management ACADEMY ရဲ့ Production and Operations Management
၁၁:၂၅ မန္တလေးမြို့မှ Silk-n-Shine ၏ ကံစမ်းမဲပေးအပ်ပွဲ
၁၁:၄၀ MRTV-4 ကာတွန်းအစီအစဉ်
၁၂:၁၀ ကေသီပန်တိုင်းရင်းဆေးဝါးစက်ရုံသစ် ဖွင့်လှစ်ခြင်းအခမ်းအနား
၁၂:၂၀ ဗိုလ်ဝင်တောင်တော်ဘုရားပွဲ လှည်းယဉ်များနှင့် ဆင်ကာနွဲ
၁၂:၃၀ ရန်ကုန်မြင်ကွင်းကျယ် (ကြည့်မြင်တိုင်မျက်မမြင်ကျောင်းသား၊ ကျောင်းသူများ၏ ပထမအကြိမ်အာစရိယပူဇော်ပွဲ)
၁၂:၄၀ ကြည်နူးသာဓုခေါ် စေရာ ရှင်စောမြတ်စေတီတော်မှာ
၁:၀၀ “ဝိပဿနာကျင့်စဉ်” တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ)
၂:၀၀ MRTV-4 သတင်း
၂:၂၀ MRTV-4 အစီအစဉ် တင်ဆက်သူရွေးချယ်ပွဲ (အပိုင်း-၁)
၃:၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လောကဝက်ပါ” (အပိုင်း-၁၄၆)**
၃:၅၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အရိပ်စစ်” (အပိုင်း-၁၁၃)**
၄:၄၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ “နယူးမော်ဒယ်(လ်)ရုပ်ရှင်ဇာတ်ကားပရိုမိုးရှင်းအခမ်းအနား”
၄:၅၅ ဓမ္မဒူတတောရမှ ယဉ်ကျေးလိမ္မာ ဓမ္မပန်းကလေးများ
၅:၁၀ ဓာတ်ပုံထဲမှအမှတ်တရများ (အကယ်ဒမီများရှင် ဝါဝါဝင်းရွှေ၏ ဓာတ်ပုံထဲမှအမှတ်တရများ) (အပိုင်း-၁)
၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀ MRTV-4 သတင်း
၆:၂၀ လပြည့်ဝန်းသို့တမ်းချင်းညရဲ့ ရင်ခုန်သံ
၆:၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လောကဝက်ပါ” (အပိုင်း-၁၄၇)**
၇:၁၀ Style ရှိမှ Star ဖြစ်မယ်
၈:၀၀ MRTV-4 သတင်း
၈:၃၀ စကားနပန်း (နောက်ဆံတင်းတာကောင်းတယ်၊ နောက်ဆံမတင်းတာကောင်းတယ်)
၉:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အရိပ်စစ်” (အပိုင်း-၁၁၄)**
၁၀:၁၀ ကုသိုလ်ရန်နံ့တို့သင်းပျံ့လိုင်. . . Golden Lamps အမွေးတိုင်
၁၀:၂၅ ရသစုံစွာတေးအလင်္ကာ
၁၀:၄၀ အနုပညာမိုးကောင်းကင်
၁၁:၀၀ ဂီတသရုပ်ပြခန်း (Jet San Htun ကြယ်တွေလို)
၁၁:၂၅ ဓညဝတီရဲ့တေးနရီ ရသစုံလီရခိုင်စာပီ
၁၁:၄၀ သင်ယူလေ့လာဂီတပညာ (Left Hand Style) (Part-7)
၁၁:၅၅ မောမြေရဲ့အမောပြေ (ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင်)
၁၂:၀၀ ဖန်တီးသူနှင့်အနုပညာ (ချစ်သုဝေ) (အပိုင်း-၁)
၁၂:၃၀ နှလုံးကျန်းမာသက်ရှည်ရန်သိဖွယ်နည်းလမ်းများ (ဒုတိယပိုင်း) (ပါမောက္ခဒေါက်တာမြသိန်းဟန်)
၁:၀၀ အသိစိတ်ကလေးအရင်းတည်၍ (ဖြိုးငွေစိုး၊ထက်ရှား၊မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-ကြည်စိုး)
၁:၁၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာယုံးယုံးနှင့်တွေ့ဆုံခြင်း)
၁:၃၀ နှယဉ်ဆန်းထွင်ပန်းအလှဆင် (တြိဂံပုံပန်းအိုးထိုးနည်း) (ပန်းအိုးအကြီး)
၁:၅၅ ပြင်ဦးလွင်မှ Feel စားသောက်ဆိုင်သို့ အလည်တစ်ခေါက်
၂:၂၀ စုပေါင်းဆင်နွှဲ မန္တလာမြေရဲ့ ခြင်းပွဲ
၂:၄၀ လင်းလက်တောက်ပမီးဆိုင်းအလှ
၂:၅၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၃:၀၀ ဆန်းသစ်အလှတိုးရွှေချည်ထိုး
၃:၂၀ လေ့လာမြတ်နိုးထိန်းသိမ်းဖို့ရာ မြန်မာ့ရိုးရာအနုပညာ (အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်အကြောင်း သိကောင်းစရာ)
၃:၄၀ စွဲမက်ဖွယ်ရာရွှေတောင်ဒေသထွက် အစားအစာ
၃:၄၅ ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဟု ထင်ပေါ်မန္တလေးမြို့က ကျောက်စာတော်စေတီတော်
၅:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဌာနဆိုင်ရာလုပ်ငန်းများ ဝန်ကြီး ဦးမောင်မောင်ဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေသည် ဇန်နဝါရီ ၂၁ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမီးသတ်စခန်း၌ စခန်းတည်ဆောက်ပြီးစီးမှုအခြေအနေ၊ မီးသတ်ယာဉ်၊ စက်ကြိုးခိုင်ရေး၊ အသင့်ရှိရေးအခြေအနေများ၊ ရေရရှိရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုလည်းကောင်း၊ ဇန်နဝါရီ ၂၂ ရက်တွင် မိုင်းငေါ့မီးသတ်စခန်း၌ မီးသတ်ယာဉ်၊ စက်ကြိုးခိုင်ရေးအခြေအနေနှင့် မိုင်းငေါ့မြို့ မီးဘေးကြိုတင်ကာကွယ်ရေး စီမံဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဝန်ထမ်းအင်အား ခွဲဝေချထားမှုများကိုလည်းကောင်း၊ မိုင်းငေါ့မြို့ နမ့်ဆင်ချောင်း ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်မီး ရရှိရေးအတွက် ရေသွယ်ယူမှုအခြေအနေများနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှုကိုလည်းကောင်း၊ မိုင်းငေါ့မြို့နယ် ဟဲခမ်းရွာနှင့် နားယရွာများရှိ ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်မီးရရှိရေးအတွက် ဟဲခမ်းရေတံခွန်ချောင်းတို့မှ ရာသီအလိုက် ရေဝင်၊ ထွက်မှုများနှင့် လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်မှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ဝန်ကြီးသည် ဇန်နဝါရီ ၂၃ ရက်တွင် နမ့်ဆန်မြို့ မီးသတ်စခန်း၌ မီးသတ်စခန်းအဆောက်အအုံအခြေအနေ၊ ရေရရှိရေးဆောင်ရွက်ထားရှိမှု အခြေအနေနှင့် မီးသတ်ယာဉ်၊ စက်ကြိုးခိုင်ရေး၊ အသင့်ရှိရေးအခြေအနေများ ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** နမ့်ဆန်မီးသတ်စခန်းအတွက် ရုပ်မြင်သံကြားစက်နှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်ခဲ့၍ နမ့်ဆန်မြို့ ဇယန်းကြီး အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ဒေသခံပြည်သူများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံကာ အခြေခံပညာကျောင်းအတွက် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်းခဲ့သည်။

ဆက်လက်၍ နမ့်ဆန်မြို့ ရေရရှိရေးအတွက် ရေကာတာတည်ဆောက်ထားမှုနှင့် ရေဝင်ရောက်မှု အခြေအနေများ၊ ရေပိုက်သွယ်တန်းမှု အခြေအနေများ၊ နမ့်ဆန်မြို့ အာရမ်းရွာ ဘုန်းတော်ကြီးကျောင်း တည်ဆောက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ ထို့နောက် နမ့်ဆန်မြို့ မဟာမြတ်မုနိဘုရားကြီးသို့ ရောက်ရှိပြီး ဇယ်တုံစံဘုန်းတော်ကြီးကျောင်း တည်ဆောက်မည့်မြေနေရာကို ကြည့်ရှုကာ ဝန်ကြီးက ဘုန်းတော်ကြီးကျောင်းအတွက် ငွေကျပ်သိန်း ၅၀ နှင့် မင်းအနော်ရထာကုမ္ပဏီက ငွေကျပ်သိန်း ၅၀ လှူဒါန်းခဲ့ကြသည်။

ဝန်ကြီးသည် ဇန်နဝါရီ ၂၄ ရက်တွင် သီပေါမြို့နယ် မီးသတ်ဦးစီးဌာနသို့ ရောက်ရှိပြီး သီပေါမြို့ မီးဘေးကြိုတင်ကာကွယ်တားဆီးရေး စီမံထားရှိမှုများ၊ မီးသတ်ယာဉ်၊ စက်ကြိုးခိုင်ရေး၊ အသင့်ရှိရေးနှင့် ရေပြန်လည်ဖြည့်တင်းရေးလုပ်ငန်းများ၊ တည်ဆောက်ပြီးစီးသည့် မီးသတ်စခန်းနှင့် နှစ်ခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်ရာတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထက(၁) ကော့သောင်း မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၆

အထက(၁) ကော့သောင်း ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၃ ရက်(တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်းရှိ မြတ်ရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ၂၀၀၅ ခုနှစ်အထိ ပညာသင်ကြားပေးခဲ့သော အသက်(၅၀)နှင့်အထက် ဆရာများအားလုံး တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုပါက ဦးမောင်မောင်သောင်း-ဒေါ်ခင်အေးမြင့် ဖုန်း-၀၉-၅၀၁၁၅၇၅၊ ၆၅၁၉၆၈၊ ဒေါ်ကေသွယ်လှိုင် ဖုန်း-၀၉-၅၀၀၉၃၀၅၊ ဦးမင်းသောင်းဝင်း-ဒေါ်သဇင်ဌေး ဖုန်း-၀၅၇-၂၇၂၀၃(မော်လမြိုင်)၊ ဦးခင်မောင်အေး (ထားဝယ်) ဖုန်း-၀၉-၈၇၄၀၆၂၃၊ ဦးအုန်းမြင့် (မြိတ်) ဖုန်း-၀၉-၈၇၆၀၉၃၇၊ ဦးကျော်ကျော်(ခ)ကျော်တင့် (မြိတ်) ဖုန်း-၀၉-၈၇၆၀၂၀၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်) ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၆

မြောင်းမြမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃၀ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ဧရာဝတီတိုင်းဒေသကြီး ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ဥက္ကဋ္ဌ ဦးဝင်းကြည် ဖုန်း-၅၇၃၀၇၄၊ ဒုတိယဥက္ကဋ္ဌ ဦးမျိုးကြည် ဖုန်း-၅၇၈၆၃၈၊ တွဲဖက်အတွင်းရေးမှူး ဒေါ်သန်းသန်းနွယ် ဖုန်း-၆၆၂၀၈၆၊ ဘဏ္ဍာရေးမှူး ဒေါ်သန်းမြင့် ဖုန်း-၅၂၆ ၁၆၈၊ ဒေါ်မြင့်မြင့်သန်း (မြောင်းမြဒေါ်ချိုမုန့်ဟင်းခါး) ရေတာရှည်လမ်း ဗဟန်း ဖုန်း-၅၄၈၅၀၁၊ ၀၉-၅၀၉၄၉၁၁ နှင့် မြောင်းမြ မြို့ရှိ နာယက ဦးယုထော် ဖုန်း-၀၄၂-၇၀၀၁၈၊ ဦးကျော်သန်း၊ ဦးဇော်ဝင်း ဖုန်း-၀၄၂-၇၀၂၉၇(ဇော်ရတနာရွှေဆိုင်)၊ ဆရာမ ဒေါ်ရီရီမင်းထံသို့ ဆက်သွယ်၍ ဘိုးဘွားများ၊ ထူးချွန်ကျောင်းသားနှင့် ထောက်ပံ့ကြေး လျှောက်ထားလိုသူများ စာရင်းပေးပို့နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

အမြို့မြို့အနယ်နယ်တွင် သာယာစည်ပင်

ဇလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော ရွှေကျောင်း-ဇလုတ်ကြီး-ရိုးကြီးလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁၈ ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရတနာသိဒ္ဓိလမ်းဖွင့်ပွဲ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ထွေး၊ အမှုဆောင်အရာရှိ ဦးစောရွှေနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ဝင်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အမြင့်တင်ရေစင် ဆောက်လုပ်ပြီးစီးမှုအခြေအနေကို ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဟန်ရှိန်ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဖြူကလေးလမ်း ဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၂၉ ရက်က အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးအောင်အောင်ဖြိုးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးမြင့်စန်းဦးတို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၌ ဇန်နဝါရီ ၂၀ ရက်မှ ၃၁ ရက်ထိကျင်းပမည့် Spring Fair ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ ပါဝင်ပြသနိုင်ရန်အတွက် မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း အလုပ်အမှုဆောင် ဦးသောင်းဟန် ရန်ကုန်မြို့မှ ဇန်နဝါရီ ၁၈ ရက်တွင်လည်းကောင်း၊ အလုပ်အမှုဆောင် ဦးမြင့်ကြူ၊ အသင်းဝင် ဦးစိန်မင်း (ပထမထိပ်တန်းဂရုကုမ္ပဏီ)တို့ ဇန်နဝါရီ ၁၉ ရက်တွင် လည်းကောင်း ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာသွားရာ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းဥက္ကဋ္ဌ ဦးထွန်းလွင်၊ အတွင်းရေးမှူး ဦးမင်းကိုဦးနှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (ကြေးမုံ)

အက်စ်အက်စ်အေ(ရှက်ဆစ်) အကြွင်းပက်သောင်းကျန်းသူအဖွဲ့မှ ထောင်ထားသောမိုင်းနင်းမိ၍ အပြစ်မဲ့ပြည်သူတစ်ဦး သေဆုံး

နေပြည်တော် ဇန်နဝါရီ ၂၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ပုံပါကျင်မြို့နယ်ခွဲ ပါချီးရွာသစ်နေ ဦးအားလော်သည် တောလည်သွားစဉ် ဇန်နဝါရီ ၂၀ ရက် မွန်းလွဲ ၁ နာရီခန့်တွင် ရွာ၏အနောက်မြောက်ဘက် နှစ်မိုင်ခန့်အကွာ၌ အက်စ်အက်စ်အေ(ရှက်ဆစ်) အကြွင်းဖက်သောင်းကျန်းသူအဖွဲ့မှ ထောင်ထားသော မိုင်းတစ်လုံးနင်းမိပြီး ဒဏ်ရာရရှိခဲ့သဖြင့် ရွာသို့ ပြန်လည်သယ်ဆောင်စဉ် သေဆုံးခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၇-၁-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၃၀	၃။	ဓမ္မပူဇာတေး
၇း၃၅	၄။	မျိုးချစ်တပ်မတော်
၇း၄၀	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၄၅	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၂၀	၄။	ဗီစီဒီကျော်ကြားတေး
၄း၂၅	၅။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၆။	သက်တံ့ရောင်ခြယ် အသီးအရွက်ဟင်းလျာ အသွယ်သွယ်
၄း၄၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၄း၄၅	၈။	မွေးမြူသုတ
၅း၁၀	၉။	ရန်သူမီး
၅း၃၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၅	၁၁။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၃၄)**
၆း၀၀	၁၂။	မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၅	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၄။	ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅	၁၅။	ကာတွန်းအစီအစဉ် -ဆိုက်ကစ်ပါဝါ သူ့ရဲကောင်းလေးများ (အပိုင်း-၄၂)
၇း၀၀	၁၆။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောအားမာန် (အပိုင်း-၃၂)**
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	နိုင်ငံတကာသတင်း
	၂၀။	မိုးလေဝသသတင်း
	၂၁။	အနုပညာရှင်၏တစ်နေ့တာ
	၂၂။	ကုန်သွယ်သုတ/ ရှေးဟောင်းသုတ
	၂၃။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၄။	**ရသစုံလင်ရုပ်မြင်သံကြား ဇာတ်လမ်း မျဉ်းပြိုင်များ (အပိုင်း-၁)**
	၂၅။	ဂီတရင်ခုန်သံ
	၂၆။	သင့်အတွက်မနက်ဖြန်
	၂၇။	အပိတ်နှုတ်ဆက်စကား
	၂၈။	ပြီးပါပြီ။

ITF 14 & Under Asian Championships 2011 Group (2)
တင်းနစ်ပြိုင်ပွဲ မြန်မာက မလေးရှားကို လက်စွပ်မ်းပြအနိုင်ရ

ရန်ကုန် ဇန်နဝါရီ ၂၆

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် ITF 14 & Under Asian Championships 2011 Group (2) တင်းနစ်ပြိုင်ပွဲ၏ ပထမပြိုင်ပွဲ ပွဲစဉ်များနှင့် အကြိုဗိုလ်လုပွဲများကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် နာယက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် တင်းနစ်အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

လက်စွပ်မ်းပြ

အမျိုးသမီးတစ်ဦးချင်း ပထမပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲတွင် နီလာဝင်း (မြန်မာ)က Syazlin Yusri (မလေးရှား)ကို (၆-၁၊ ၆-၁)ဖြင့် လက်စွပ်မ်းပြအနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အမျိုးသမီးတစ်ဦးချင်း ပထမပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲတွင် Ang Geraldine(စင်ကာပူ)က Thisuri Mollogoda (သီရိလင်္ကာ)ကို (၆-၄၊၆-၄)ဖြင့် နိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်းနှင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် အမှုဆောင် ဦးခိုင်ထွေး(Asia Brave Co.,Ltd.) တို့က အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့တက်သွားသော မြန်မာလူငယ် လက်ရွေးစင် မနီလာဝင်းအား ဂုဏ်ပြုဆုကြေးငွေများ ပေးအပ်ချီးမြှင့်ကြသည်။

အမျိုးသမီးတစ်ဦးချင်းဗိုလ်လုပွဲအဖြစ် ဇန်နဝါရီ ၂၇ ရက် နံနက် ၉ နာရီတွင် နီလာဝင်း (မြန်မာ)နှင့် Ang Geraldine (စင်ကာပူ)တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် နာယက ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်းနှင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် အမှုဆောင် ဦးခိုင်ထွေး (Asia Brave Co.,Ltd.) တို့က အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၌ ဗိုလ်လုပွဲသို့ တက်ရောက်သွားသော မြန်မာလူငယ်လက်ရွေးစင် မနီလာဝင်းအား ဂုဏ်ပြုဆုကြေးငွေများ ပေးအပ်ချီးမြှင့်စဉ်။ (တင်းနစ်အဖွဲ့ချုပ်)

တောင်ပိုင်းစွန်းဒေသများ မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၂၆

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာခဲ့သည်။ **ညအပူချိန်များမှာ** မွန်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ချင်းပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၄ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၆ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်ညအပူချိန်များမှာ** ပင်လောင်းမြို့နှင့် ဟားခါးမြို့တို့တွင် ၁ ဒီဂရီစင်တီဂရိတ်စီ၊ လားရှိုးမြို့၊ ဟဲဟိုးမြို့နှင့် လွိုင်လင်မြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီ၊ နမ့်စန်မြို့တွင် ၄ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဇန်နဝါရီ ၂၇ ရက် ညနေထိခန့်မှန်းချက်။ ။ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နိုင်ငံတကာ အားကစားသတင်းများ

နိုင်ငံတကာ အားကစားသတင်းများ

ဝင်းတင် (ကြေးမုံ)

ဘာဘယ် ဟော့ဖန်ဟိန်းသို့ ပြောင်းရွှေ့

လီဗာပူး ဇန်နဝါရီ ၂၆

အစောပိုင်းကာလက အပြောင်းအရွှေ့အတွက် ပုဂ္ဂိုလ်ရေးသဘောတူညီမှုများ မရရှိခဲ့သော်လည်း ယခုအခါတွင် လီဗာပူးတောင်ပံကစားသမား ရိုင်ယန်ဘာဘယ်၏ ဂျာမန်ကလပ် ဟော့ဖန်ဟိန်းသို့ အပြောင်းအရွှေ့မှာ အပြီးသတ်နိုင်ပြီဟု ဆိုသည်။

ပြီးခဲ့သည့် အင်္ဂါနေ့က လီဗာပူးအသင်းမန်နေဂျာ ကင်နီဒါးဂလစ်ရှ်က ဘာဘယ်နှင့် ဟော့ဖန်ဟိန်းအသင်းအကြား သဘောတူညီမှုမရရှိခဲ့၍ အဆိုပါ ဒတ်ချ်တောင်ပံကစားသမားသည် လီဗာပူးတွင်ဆက်ရှိနေဦးမည်ဟု အတည်ပြုပြောကြားခဲ့သော်လည်း ယခုအခါတွင် မပြေလည်မှုများကို အကျေအလည်ဆွေးနွေးခဲ့ပြီဟုဆိုသည်။

ဘာဘယ်သည် ဂျာမနီတွင် ဆေးစစ်မှုပြုခဲ့ပြီးနောက် ဘွန်ဒက်စ်လီဂါကလပ်နှင့် နှစ်နှစ်ခွဲစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါ အပြောင်းအရွှေ့ အပြီးသတ်နိုင်ပြီဖြစ်သောကြောင့် ဘာဘယ်၏ အန်ဖီးလ်ကွင်းတွင် လေးနှစ်တာကာလအတွင်း ပုံမှန်ခြေစွမ်းနှင့် ပထမပွဲထွက်ခွင့်ရရန် ရုန်းကန်နေခဲ့ရခြင်းများအား အဆုံးသတ်လိုက်နိုင်ပြီဖြစ်သည်။

ထိုကစားသမားအပြောင်းအရွှေ့အတွက် ကလပ်အသင်းနှစ်သင်းကြားတွင် ပေါင်ခြောက်သန်းဖြင့် သဘောတူညီမှုရရှိခဲ့ပြီး လီဗာပူးအသင်းသည် ထိုပြောင်းရွှေ့ကြေးကို အသုံးပြု၍ အိုင်းယက်စ်တိုက်စစ်မှူး လူးဝစ်ဆွာရက်ဇ်အား ဈေးနှုန်းတိုးမြှင့်ကမ်းလှမ်းသွားဖွယ်ရှိသည်ဟု သတင်းတစ်ရပ်က ဆိုသည်။ ***အင်တာနက်။***

ဟော့ဖန်ဟိန်းသို့ အပြောင်းအရွှေ့သွားသည့် လီဗာပူး တောင်ပံကစားသမား ရိုင်ယန်ဘာဘယ်။

မန်ယူမှ ပက်ထရစ်အီဗရာ အသင်းပြောင်းဖွယ်ရှိ

မန်ချက်စတာ ဇန်နဝါရီ ၂၆

မန်ချက်စတာယူနိုက်တက်အသင်းမှ ဘယ်နောက်ခံလူ ပက်ထရစ်အီဗရာသည် ယခုရာသီကုန်လျှင် အသင်းမှ ထွက်ခွာဖွယ်ရှိသည်ဟု ၎င်း၏ အေးဂျင့်က ဆိုသည်။

အသက်(၂၉)နှစ်အရွယ်ရှိပြီဖြစ်သော အီဗရာ၏အသင်းနှင့် စာချုပ်သက်တမ်းမှာ ၂၀၁၂ ခုနှစ်အထိ ရှိနေသော်လည်း အသင်းမှထွက်ခွာဖွယ်ရှိသည်ဟု ဆိုသည်။

အီဗရာသည် ရီးယဲလ်မက်ဒရစ်သို့ ပြောင်းရွှေ့လိုနေသည်ဟု သတင်းများ ထွက်ပေါ်ခဲ့ဖူးသလို အင်တာမီလန်၏ စိတ်ဝင်စားခြင်းခံခဲ့ရဖူးသည်ဟု သိရသော်လည်း ၎င်းသည် အိုးထရက်ဖို့ဒ်၌ ဆက်လက် ရှိနေခဲ့သည်။

ယခုအခါ အခြေအနေများ ပြောင်းလဲသွားပုံရပြီး ၎င်း၏ အေးဂျင့်ဖက်ဒါရီကို ပက်စ်တိုရယ်လိုက "သူစာချုပ်သက်တမ်းတိုးရင်တိုး မတိုးရင်အသင်းက ထွက်ပါလိမ့်မယ်" ဟု ပြောကြားခဲ့သည်။

ယခုရာသီတွင် အီဗရာသည် ပရီမီယာလိဂ်ပွဲစဉ် ၂၁ ပွဲ ကစားထားပြီး ချန်ပီယံလိဂ်သုံးပွဲ ကစားခွင့်ရရှိထားသည်။ ***အင်တာနက်။***

ဂိုးသွင်းသေချာသည့် ဘာဘာတော့ဗ်ကြောင့် မန်ယူအမှတ်ပြည့်ရ

မန်ယူအတွက် ပထမခြေပဂိုးကို ဘာဘာတော့ဗ် သွင်းယူစဉ်။

လန်ဒန် ဇန်နဝါရီ ၂၆

ပရီမီယာလိဂ်ပွဲစဉ် (၁၆)၏ လက်ကျန်ပွဲတစ်ပွဲဖြစ်သည့် ဘလက်ပူးလ်နှင့် မန်ယူတို့ပွဲကို ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူက သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရသွားသည်။

ဂိုးသွင်းသေချာ

မန်ယူအသင်းသည် အဝေးကွင်းဖြစ်သော်လည်း အမှတ်ပြည့်ရနိုင်ရေးအတွက် ဝိန်းရွန်နေး၊ ဘာဘာတော့ဗ်၊ နာနီ၊ ဖလက်ချာ၊ ပေါလ်စခိုးတို့ဖြင့် လူစုံ ပွဲထွက်လာခဲ့သည်။ ပွဲကစားချိန် ၇၁ မိနစ်အထိ အိမ်ရှင်ဘလက်ပူးလ်အသင်းက နှစ်ဂိုးသွင်းပြီး ဦးဆောင်နိုင်ခဲ့သော်လည်း ၇၂ မိနစ်နှင့် ၈၈ မိနစ်တွင် ဘာဘာတော့ဗ်၊ ၇၄ မိနစ်တွင် ဟာနက်ဒက်ဇ်တို့က ဂိုးဆက်တိုက်သွင်းပြီး မန်ယူအတွက် နိုင်ပွဲရယူနိုင်ခဲ့သည်။ တစ်နည်းအားဖြင့် တိုက်စစ်မှူး ဘာဘာတော့ဗ်၏ ဂိုးသွင်းသေချာမှုကြောင့် မန်ယူအသင်း အဝေးကွင်းတွင် အဖိုးတန် သုံးမှတ်ရခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ မန်ယူအသင်းသည် ယခုပွဲအနိုင်ရလိုက်ခြင်းကြောင့် ၅၁ မှတ်ဖြင့် ဒုတိယနေရာက အာဆင်နယ်ကို ငါးမှတ်တိတိ ဖြတ်ထားနိုင်သည်။

ပွဲစဉ် (၁၈)၏ လက်ကျန်ပွဲဖြစ်သည့် ဝီဂန်နှင့် ဗီလာတို့ပွဲတွင် ဧည့်သည် ဗီလာက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရသွားသည်။ ဗီလာအတွက် ဂိုးများကို မိနစ် ၅၀ တွင် အဘွန်လဟော်၊ ၆၁ မိနစ်တွင် အက်ရှ်လေယန်း (ပယ်နယ်တီ)တို့က သွင်းယူခဲ့ပြီး ဝီဂန်အတွက် ဂိုးကို မိနစ် ၈၀ တွင် ဂျိန်းစ်မက္ကာသီက သွင်းယူခဲ့သည်။ ***အင်တာနက်။***

ဘိုင်ယန်မြူးနစ်မှ ဘွန်မဲလ်အား အေစီမီလန်ခေါ်ယူ

ရောမ ဇန်နဝါရီ ၂၆

အီတလီစီးရီးအေ အမှတ်ပေးဇယားထိပ်ဆုံးရှိ အေစီမီလန်အသင်းသည် ဘိုင်ယန်မြူးနစ်အသင်း ကွင်းလယ်ကစားသမား ဘွန်မဲလ်အား မဖော်ပြသည့် ငွေကြေးပမာဏဖြင့် စာချုပ်ချုပ်ဆိုပြီးဖြစ်ကြောင်း သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အေစီမီလန်အသင်းအနေဖြင့် ဒဏ်ရာရ ကွင်းလယ်ကစားသမား အများအပြားရှိနေခြင်းကြောင့် ဇန်နဝါရီလ အပြောင်းအရွှေ့ကာလတွင် နောက်ထပ်ကစားသမားအသစ်များခေါ်ယူရန် စိတ်အားထက်သန်ခဲ့သည်။

ဒတ်ချ်လူမျိုး ဘွန်မဲလ်သည် အေစီမီလန်သို့ ပြောင်းရွှေ့တော့မည် ဖြစ်ကြောင်း ၎င်း၏ကိုယ်စားလှယ်က တနင်္လာနေ့တွင် ပြောကြားခဲ့ပြီး ယခုအခါ ၎င်း၏ အသင်းသစ်နှင့် ခြောက်လသက်တမ်း စာချုပ်ချုပ်ဆိုပြီးဖြစ်သည်။

အသက်(၃၃)နှစ်အရွယ် ဘွန်မဲလ်သည် ၂၀၀၆ ခုနှစ် နွေရာသီတွင် ဘာစီလိုနာအသင်းမှ ဘိုင်ယန်မြူးနစ်သို့ ရောက်ရှိခဲ့ပြီး ဂျာမန်လိဂ်ပြိုင်ပွဲများတွင် ပွဲ ၁၀၀ ကျော် ကစားခဲ့သည်။ သို့ရာတွင် ဂက်စ်တာဗိုလူးဝစ်အား ဆောင်းရာသီ၌ ခေါ်ယူခဲ့ပြီးနောက် ၎င်းမှာ အရန်ခုံ၌ အနေများခဲ့ရပြီး စွန့်ခွာလိုစိတ် ဖြစ်ပေါ်ခဲ့ရခြင်း ဖြစ်သည်။

ဂျာမန်ကလပ်နှင့် ချုပ်ဆိုထားသည့် စာချုပ်မှာ ယခုနှစ်ဘောလုံးရာသီ ကုန်ဆုံးချိန်အထိဖြစ်ပြီး ဘွန်မဲလ်သည် အေစီမီလန်သို့ လျှော့ဈေးဖြင့် ပြောင်းရွှေ့သွားနိုင်ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ ***အင်တာနက်။***

စိုးတင့်နိုင်

ဩစတြေးလျအိုးပင်း အမျိုးသားတစ်ဦးချင်း အင်ဒီမာရေး အကြိုဗိုလ်လုပွဲတက်

မဲလ်ဘုန်း ဇန်နဝါရီ ၂၆

ဩစတြေးလျအိုးပင်း အမျိုးသားတစ်ဦးချင်း ကွာတားဖိုင်နယ်ပွဲစဉ်တွင် အင်္ဂလန်နိုင်ငံသား အင်ဒီမာရေးက ယူကရိန်းနိုင်ငံသား ဒိုလ်ဂိုပိုလော့ဗ်ကို ၇-၅၊ ၆-၃၊ ၆-၇၊ ၆-၃ဖြင့် အနိုင်ရကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ အင်ဒီမာရေးသည် ဩစတြေးလျအိုးပင်းတွင် ဒုတိယအကြိမ် အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းလည်း ဖြစ်သည်။ ***အင်တာနက်။***

အကြိုဗိုလ်လုပွဲရောက် အင်္ဂလန်နိုင်ငံသား အင်ဒီမာရေး။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ရေဝတီတိုင်းဒေသကြီးသို့ တိုးလျှိုပေါက်ခရီးရောက်သည့်မြို့

ဒလမြို့နယ်သည် ရန်ကုန်မြို့နှင့် မြစ်တစ်စင်းသာခြားပြီး ကူးတို့သင်္ဘောနှင့်သွားပါက ၁၀ မိနစ်အတွင်း ရောက်ရှိနိုင်သည်။ ရှေးမြန်မာမင်းများလက်ထက်က မြန်မာနိုင်ငံ၏ တောင်ဘက်စွန်းခံတပ်မြို့ဖြစ်သည်။ ယခင်က ကျေးရွာအုပ်စုဖြစ်ခဲ့ပြီးနောက် မြို့နယ်တစ်ခုအဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ၁၉၇၄ ခုနှစ်တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း ထည့်သွင်းခဲ့သည်။ ဒလမြို့အနောက်ဘက်တွင် တွံတေးတူးမြောင်းနှင့် မြောက်ဘက်တွင် ရန်ကုန်မြစ်တို့ ဆက်သွယ်စီးဆင်းနေသည်။

ဒလမြို့သည် ၁၀ ဒသမ ၉၃ စတုရန်းမိုင် ကျယ်ဝန်းပြီး ရပ်ကွက်ပေါင်း ၂၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၃ အုပ်စု၊ ရွာပေါင်း ၄၅ ရွာဖြင့် ဖွဲ့စည်းထားသည်။ ဒလမြို့မှတစ်ဆင့် တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ဖျာပုံ၊ ကျိုက်လတ်မြို့များသို့ပါ ဆက်သွယ်သွားလာနိုင်သည့် အဓိကမြို့နယ် တစ်မြို့နယ်ဖြစ်သည်။ရေဝတီတိုင်းဒေသကြီးသို့ တိုးလျှိုပေါက်သွားလာနိုင်သည်။ မိုးကာလတွင် ဒလမြို့အတွင်း၌ တစ်ရပ်ကွက်နှင့်တစ်ရပ်ကွက် သွားလာရေးခက်ခဲသည့်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က သွားရေးလာရေးလွယ်ကူစေရန် ဆောင်ရွက်ခဲ့သည်။

ဌာန၏ တာဝန်ပေးချက်အရ ဌာနစုမှူး အင်ဂျင်နီယာ ဦးမိုးဆန်းသည် အငယ်တန်းအင်ဂျင်နီယာများ၊ ကျွမ်းကျင်ဝန်ထမ်းအင်အားအပြည့်ဖြင့် ၂၀၁၀ ခုနှစ် ဇူလိုင် ၁ ရက်မှစ၍ ရပ်ကွက်အတွင်း လမ်းများ၊ ရပ်ကွက်ချင်းဆက်လမ်းများကို ကွန်ကရစ်လမ်းများအဖြစ် ပြောင်းလဲကာ အဆင့်မြှင့်တင်ပေးနိုင်ခဲ့သည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❍

ဒလမြို့ ဘုရင့်နောင်ရပ်ကွက်၊ တပင်ရွှေထီးရပ်ကွက်နှင့် ကျန်စစ်သားရပ်ကွက်တို့ကို ဆက်သွယ်ပေးသည့် ပေ ၇၀၀၀ ရှိ ဆင်ဖြူရှင် ကွန်ကရစ်လမ်းသစ်အား တွေ့ရစဉ်။

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ
သန်းဆွေ(ပန်းဘဲတန်း)

နောင်ဝိုးရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ် စတင်ထုတ်လွှင့်

နေပြည်တော် ဇန်နဝါရီ ၂၆

ရုပ်မြင်သံကြား တိုးချဲ့ထုတ်လွှင့်ရေးအစီအစဉ်အရ ရှမ်းပြည်နယ် (တောင်ပိုင်း) နောင်ဝိုးရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၂၂ ရက်တွင် လုပ်ငန်းများပြီးစီးခဲ့သည်။

အဆိုပါ စက်ရုံမှ လွှင့်အား ဝပ် ၅၀၊ လှိုင်းနံပါတ် (J- 16)ဖြင့် ဇန်နဝါရီ ၂၃ ရက်မှစ၍ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို အရုပ်/ အသံကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ထူးထူးခြားခြားညအပူချိန်များ

၂၆-၁-၂၀၁၁

ပင်လောင်း
၁ ဒီဂရီစင်တီဂရိတ်
ဟားခါး
၁ ဒီဂရီစင်တီဂရိတ်
လားရှိုး
၃ ဒီဂရီစင်တီဂရိတ်